# ကနေဒါနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကိုလေ့လာခြင်း


စာတမ်းပြုစုတင်ပြသူ- ဒေါ်ချိုမာဌေး၊ ဒုတိယညွှန်ကြားရေးမှူး

လုပ်ထုံးဌာနခွဲ



၂၀၂၂ ခုနှစ်၊ ဇွန်လ ၁၅ ရက်နေ့

နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး၊နေပြည်တော်။

# ကနေဒါနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကိုလေ့လာခြင်း

## မာတိကာ


| စဉ် | အကြောင်းအရာ | စာမျက်နှာ |
|---|---|---|
| ကျေးဇူးတင်လွှာ | | |
| နိဒါန်း | | |
| ၁။ | ကနေဒါနိုင်ငံအဖြစ်စတင်တည်ထောင်ခြင်း | ၂ |
| | ၁-၁။ ဗြိတိသျှနေသဟာယအဖွဲ့ဝင်နိုင်ငံအဖြစ်အင်္ဂလန်ဘုရင်မထံတွင် သစ္စာခံနိုင်ငံဖြစ်လာခြင်း | ၂ |
| ၂။ | ကနေဒါနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏မြစ်ဖျားများ | ၃ |
| ၃။ | ကနေဒါနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် 7 Rs စံနှုန်းဖြင့်လေ့လာခြင်း | ၄ |
| | ၃-၁။ Representation(နိုင်ငံတော်အစိုးရ၏ပြည်သူ့ကိုယ်စားပြုမှုနှင့် ရွေးကောက်ပွဲများ) | ၅ |
| | ၃-၂။ Relationship (အစိုးရယန္တရားများဆက်နွယ်မှု သို့မဟုတ် အချင်းချင်းအပြန် အလှန်ထိန်းကျောင်းမှုပြုခြင်း) | ၁၀ |
| | ၃-၃။ Regions (အစိုးရအဆင့်လိုက်အာဏာခွဲဝေမှုများ) | ၁၁ |
| | ၃-၄။ Rights (ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်အကာကွယ်ပေးသော မူလအခွင့်အရေးများ) | ၁၄ |
| | ၃-၅။ Reform (ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဆိုင်ရာ ပြဋ္ဌာန်းချက်များ) | ၁၅ |
| | ၃-၆။ Recognition (ကိုယ်ပိုင်လက္ခဏာအသိအမှတ်ပြုခံရမှု) | ၁၈ |
| | ၃-၇။ Roadmap (ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ) | ၁၉ |
| ၄။ | ဖက်ဒရယ်စနစ်တွင် တရားစီရင်ရေး၏ အရေးပါမှုအား စီရင်ထုံးဖြင့် လေ့လာတင်ပြခြင်း | ၂၀ |
| နိဂုံး | | |
| နောက်ဆက်တွဲ (က)၊ အုပ်ချုပ်ရေးအဖွဲ့ဖွဲ့စည်းပုံ | | |
| နောက်ဆက်တွဲ(ခ)၊ ဥပဒေပြုရေးအဖွဲ့ဖွဲ့စည်းပုံ | | |
| နောက်ဆက်တွဲ (ဂ)၊ တရားရုံးများဖွဲ့စည်းပုံ | | |
| ကျမ်းကိုးစာရင်း | | |

# ကျေးဇူးတင်လွှာ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်သည် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ အစဉ်အဆက် တောင်းဆိုလာခဲ့သော ဒီမိုကရေစီနှင့်ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုနိုင်ငံတည်ဆောက်ရေးကိုဖော်ဆောင်ရန် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါသည်။ ထိုသို့ကြိုးပမ်းနေစဉ်အတွင်း အမြော်အမြင်ကြီးစွာဖြင့် ဖက်ဒရယ်နိုင်ငံတစ်နိုင်ငံဖြစ်သော ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို လေ့လာရန်အတွက် ယခုကဲ့သို့ တာဝန်ပေးစာတမ်းပြုစုခွင့်ပြုခဲ့သည့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး ဥက္ကဋ္ဌနှင့်တကွ အဖွဲ့ဝင်များ၊ အမြဲတမ်းအတွင်းဝန်နှင့်အကြီးအကဲများအားလုံးအား ဦးစွာဂါရဝပြု ကျေးဇူးတင်ရှိပါသည်။

အထူးသဖြင့် စာတမ်းကြီးကြပ်သူ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံး အဖွဲ့ဝင် ဆရာဦးကျော်ဆန်း သည် စာတမ်းပြုစုစဉ်ကာလတစ်လျှောက်လုံး စာတမ်းအပေါ် ဂရုတစိုက် အလေးထားကြီးကြပ်စိစစ်ပေးခဲ့ပါသည်။ စာတမ်းရှင်၏ ဥပဒေအယူအဆအမှားအယွင်းများအား ပြင်ဆင်ပေးခြင်း၊ ဘာသာပြန်အယူအဆမှန်ကန်စေရန် သင်ကြားပေးခြင်း၊ လမ်းညွှန်သင်ကြားပြသပေးခြင်းတို့ကြောင့် ယခုကဲ့သို့ ပြည်စုံမှန်ကန်မှုရှိသော စာတမ်းကိုရရှိခဲ့ခြင်းဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ဆရာ့အား **ကျေးဇူးတင်ကြောင်းမှတ်တမ်းလွှာ** ကို ဤစာတမ်းနှင့်အတူ ဂါရဝပြု မှတ်တမ်းတင်အပ်ပါသည်။

# ကနေဒါနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကိုလေ့လာခြင်း

## နိဒါန်း

ကနေဒါနိုင်ငံသည် မြောက်အမေရိကတိုက်ရှိ နိုင်ငံတစ်ခုဖြစ်ပြီး မြောက်ဝင်ရိုးစွန်းနှင့် အမေရိကန်ပြည်ထောင်စုအကြားတည်ရှိကာ အာတိတ်ကျွန်းစုများအပါအဝင် ကျွန်းစုများစွာ ဝန်းရံလျက်ရှိပါသည်။ ဧရိယာအကျယ်အဝန်း သုံးဆယ့်ရှစ်သိန်းငါးသောင်းငါးထောင့်တစ်ရာ (၃,၈၅၅,၁၀၀) စတုရန်းမိုင်ကျယ်ဝန်းပြီး အနောက်ကမ္ဘာခြမ်းတွင် မြေပြင်အကျယ်ပြန့်ဆုံး နိုင်ငံနှင့် ကမ္ဘာပေါ်တွင် ဒုတိယအကြီးဆုံးနိုင်ငံ ဖြစ်ပါသည်။ မြို့တော်မှာ အိုတာဝါမြို့တော်ဖြစ်ပါသည်။ နိုင်ငံ၏ လူဦးရေမှာ သုံးဆယ့်ရှစ်သန်းငါးသိန်းကျော်ရှိကာ ရုံးသုံးဘာသာစကားမှာ အင်္ဂလိပ်နှင့်ပြင်သစ်ဘာသာစကားတို့ဖြစ်ပါသည်။[၁] ကနေဒါနိုင်ငံသည် ရှေးကျသော ဖက်ဒရယ် ပြည်ထောင်စုဖြစ်ကာဓနသဟာယအဖွဲ့ဝင်နိုင်ငံ တစ်နိုင်ငံလည်းဖြစ်ပါသည်။ ပါလီမန်ဒီမိုကရေစီ စနစ်နှင့် စည်းမျဉ်းခံဘုရင်စနစ်ကျင့်သုံးသော နိုင်ငံဖြစ်ပြီး လက်ရှိ နိုင်ငံတော်အကြီးအကဲများမှာ ဒုတိယမြောက်အဲလိဇဘက်ဘုရင်မ၊ ဘုရင်ခံချုပ် (Governor-General) မေရီဆိုင်မွန် နှင့် ဝန်ကြီးချုပ် (Prime Minister) ဂျပ်စတင်ထရူးဒိုး တို့ဖြစ်ပါသည်။ နိုင်ငံကို ပြည်နယ် (province) (၁၀)[၂] ခုနှင့် နယ်မြေ (territory) (၃)[၃] ခု ဖြင့်ဖွဲ့စည်းတည်ထောင်ထားပါသည်။[၄]

မြန်မာနိုင်ငံ၏ ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေရေးဆွဲရန်ပြင်ဆင်စဉ်အခါက အိန္ဒိယနိုင်ငံသို့ သွားရောက်လေ့လာခဲ့သည့် ဥပဒေပညာရှင် ဦးချန်ထွန်း(ရှေ့နေချုပ်၊ ၁၉၄၈-၅၃) သည် အိန္ဒိယသို့ရောက်ရှိစဉ်အတွင်း ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်ကိုပါတစ်ပါတည်း လေ့လာခဲ့ကြောင်း*သိရှိရပါသဖြင့် ကနေဒါနိုင်ငံသည် မြန်မာ့ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲသည့်သမိုင်း၌ မြန်မာဥပဒေပညာရှင်များ စံပြုလေ့လာခဲ့သည့် နိုင်ငံတစ်နိုင်ငံလည်းဖြစ်ပါသည်။ ယခု စာတမ်းတွင် အဆင့်ဆင့်တိုးတက်ပြောင်းလဲလာသည့် ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေအား 7Rs စံနှုန်း(7Rs Analytical Methods of Constitution) ဖြင့် ဆန်းစစ်လေ့လာထားသည့် အပြင် ဖက်ဒရယ်စနစ်အားကျင့်သုံးဖော်ဆောင်ရာတွင် တရားစီရင်ရေး၏အရေးကြီးပုံကို အလေးပေး ဖော်ပြထားပါသည်။

---

[၁] နိုင်ငံတကာအဘိဓာန်၊ နွယ်နီစာတည်းအဖွဲ့၊ ပညာရွှေတောင်စာအုပ်တိုက်၊ ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၀၃ ခုနှစ်၊ စာ-၁၁၈-၁၁၉။ (ယနေ့အထိနောက်ဆုံးရအချက်အလက်များနှင့်ဖြည့်စွက်ထားပါသည်။)

[၂] British Columbia, Alberta, Saskatchewan, Manitoba, Ontario, Quebec, New Brunswick, Nova Scotia, Prince Edward Island and Newfoundland and Labrador.

[၃] Northwest Territories, Yukon and Nunavat.

[၄] https://en.wikipedia.org/wiki/Canada .

* ဦးရဲလွင် (မဟာဝိဇ္ဇာ၊ ပါမောက္ခ(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာန) ၏ မြန်မာနိုင်ငံအခြေခံဥပဒေအဆင့်ဆင့် ပြောင်းလဲချက်ခေါင်းစဉ်ဖြင့် မဟာဝိဇ္ဇာကျမ်းပြုစဉ် ဦးချန်ထွန်း နှင့်တွေ့ဆုံးမေးမြန်းချက်ကို ထိုမဟာဝိဇ္ဇာကျမ်း၌ ဖော်ပြထားခြင်းဖြစ်ပါသည်။




ပုံ– ၁။ ကမ္ဘာ့မြေပုံပေါ်ရှိ ကနေဒါနိုင်ငံ၏ မြေပုံ




ပုံ– ၂။ ကနေဒါနိုင်ငံရှိ ပြည်နယ်များနှင့် နယ်မြေများပြမြေပုံ

## ၁။ ကနေဒါနိုင်ငံအဖြစ်စတင်တည်ထောင်ခြင်း

ကနေဒါသည် နိုင်ငံအဖြစ်စတင်ထွန်းကားမှုတွင် မြန်မာနိုင်ငံထက် နှစ်ပေါင်း ၈၀၀ ကျော် နောက်ကျ၍ နိုင်ငံအဖြစ်ထွန်းကားလာခဲ့ခြင်းဖြစ်ပါသည်။

ကနေဒါတွင်စတင်အခြေချနေထိုင်ခဲ့သည့် ရှေးဦးဌာနေတိုင်းရင်းသားများ (Aboriginal Peoples) ကို ပြင်သစ်က ဦးဆောင်ခဲ့ပြီး ၁၆၀၈ ခုနှစ်တွင် ကွီဘက်စီးတီးကိုလည်းကောင်း၊ ၁၆၄၂ ခုနှစ်တွင် မွန်ထရီယယ်ကိုလည်းကောင်း တည်ထောင်ကာ ပြင်သစ်ဒေသသစ် (New Frence) ဟုခေါ်တွင်ခဲ့ပါသည်။ ထိုဒေသများမှာ ၁၇၁၇ ခုနှစ် တွင် ဗြိတိသျှကိုလိုနီ လက်အောက်သို့ ကျရောက်ခဲ့ပြီး အင်္ဂလိပ်တို့က အထက်ကနေဒါ (နောင်တွင် အင်္ဂလိပ် စကားပြောသည့် Ontario ပြည်နယ်ဖြစ်လာသည်) နှင့် အောက်ကနေဒါ (နောင်တွင်ပြင်သစ် စကားပြောသည့် Quebec ပြည်နယ်ဖြစ်လာသည်) ဟူ၍ နှစ်ပိုင်းခွဲကာအုပ်ချုပ်ခဲ့ကြပါသည်။[၅]

### ၁-၁။ ဗြိတိသျှဓနသဟာယအဖွဲ့ဝင်နိုင်ငံအဖြစ်အင်္ဂလန်ဘုရင်မထံတွင်သစ္စာခံနိုင်ငံဖြစ်လာခြင်း

၁၈၃၇ ခုနှစ်တွင် ဒီမိုကရေစီအခွင့်အလမ်းရှိသော အစိုးရမျိုး ဖွဲ့စည်းပေးရန် ကနေဒါ အထက်ပိုင်းနှင့်အောက်ပိုင်းတို့တွင် ဆူပူအုံကြွမှုများဖြစ်ပေါ်လာခဲ့သည်။ ဗြိတိသျှအစိုးရ က ၁၈၆၇ ခုနှစ်တွင် ဗြိတိသျှမြောက်ပိုင်းအက်ဥပဒေ (British North America Act, 1867) ကို ပြဋ္ဌာန်းပြီး မြောက်အမေရိကရှိ ဗြိတိသျှ ကိုလိုနီနယ်မြေများဖြစ်သော Nova Scotia ၊ Brunswick နှင့် အထက်နှင့်အောက်ကနေဒါဒေသအပိုင်းနှစ်ပိုင်းကို တစ်ပိုင်းတည်းပေါင်းစည်း၍ ဒိုမီနီယံအဆင့်ဖြင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးကာ ကနေဒါနိုင်ငံဟု ခေါ်တွင်သတ်မှတ်ခဲ့ပါသည်။[၆]

၁၈၈၄ ခုနှစ်တွင် ဗြိတိန်က ဗြိတိသျှကိုလိုနီလက်အောက်သို့ကျရောက်နေသော နိုင်ငံများ အားစုစည်း၍ ဗြိတိသျှ ဓနသဟာယနိုင်ငံများအဖွဲ့[၇] ဖွဲ့စည်းရန်ဖြစ်ကြောင်း၊ အဖွဲ့ဝင်နိုင်ငံများ အနေဖြင့် အင်္ဂလန်ဘုရင်မအား ဖွဲ့စည်းပုံအခြေခံဥပဒေအရ စည်းမျဉ်းခံဘုရင်အဖြစ်ထားရှိ သစ္စာခံရန်နှင့် လွတ်လပ်၍ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရှိပြီး ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကို လေးစား သည့်နိုင်ငံများအဖြစ် တည်ထောင်ခွင့်ပြုမည်ဖြစ်ကြောင်း ကြေညာခဲ့သည်။[၈] ကနေဒါနိုင်ငံ သည် ဗြိတိသျှဓနသဟာယအဖွဲ့သို့ ၁၉၂၆ ခုနှစ်၊ နိုဝင်ဘာလ ၁၉ ရက်နေ့က ဝင်ရောက်ခဲ့ပြီး ယနေ့တိုင် အင်္ဂလန်ဘုရင်မအား ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် စည်းမျဉ်းခံဘုရင်အဖြစ် သစ္စာခံ

---

[၅] နိုင်ငံတကာအဘိဓာန်၊ နွယ်နီစာတည်းအဖွဲ့၊ ပညာရွှေတောင်စာအုပ်တိုက်၊ ဒုတိယအကြိမ်ပုံနှိပ်ထုတ်ဝေခြင်း ၂၀၀၃ ခုနှစ်၊ စာ-၁၂၀။

[၆] ဒီမိုကရေစီနိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဦးဗကြိုင်(B.A;B.L)၊SYT စာပေ၊ ပထမအကြိမ်ပုံနှိပ်ခြင်း၊ ၂၀၁၆ ခုနှစ်၊ စာ-၁၉၅။

[၇] ယခုအခါ ဓနသဟာယနိုင်ငံများအဖွဲ့ဟု အမည်ပြောင်းလဲခေါ်ဝေါ်ခဲ့ပြီး အဖွဲ့ဝင်နိုင်ငံပေါင်း (၅၃) နိုင်ငံ ရှိပါသည်။ ယင်းတို့အနက် (၁၆) နိုင်ငံမှာ အင်္ဂလန်ဘုရင်မအား ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် သစ္စာခံကြ သောနိုင်ငံများဖြစ်ပါသည်။

[၈] https://en.wikipedia.org/wiki/Canada .

လျက်ရှိပါသည်။ *(မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိရန် ဗြိတိသျှတို့နှင့်ညှိနှိုင်းမှုများပြုလုပ်စဉ် အခါက ဗြိတိသျှဓနသဟာယနိုင်ငံများအဖွဲ့သို့ ဝင်ရောက်ရန် အခွင့်အရေးရသော်လည်း ဝင်ရောက်ခြင်းမပြုခဲ့ကြောင်း အလျဉ်းသင့်၍ဖော်ပြအပ်ပါသည်။)*

သို့ဖြစ်ပါ၍ ကနေဒါနိုင်ငံသည် ဗြိတိသျှကိုလိုနီလက်အောက်သို့ ကျရောက်ပြီးမှ အင်္ဂလိပ်တို့က နိုင်ငံအဖြစ် ၁၈၆၇ ခုနှစ်တွင် သတ်မှတ်တည်ထောင်ပေးခဲ့ခြင်းဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ၁၀၄၄ ခုနှစ်တွင် ပထမမြန်မာနိုင်ငံတော်ကိုလည်းကောင်း၊ ၁၅၅၀ ခုနှစ်တွင် ဒုတိယမြန်မာနိုင်ငံတော်ကိုလည်းကောင်း၊ ၁၇၁၄ ခုနှစ်တွင် တတိယမြန်မာနိုင်ငံတော်ကိုလည်းကောင်း တည်ထောင်ခဲ့ပြီးဖြစ်ပါသဖြင့် ကနေဒါနိုင်ငံအဖြစ် စတင်ပေါ်ပေါက်ချိန်တွင် မြန်မာနိုင်ငံ၌ ကုန်းဘောင်ခေတ် မြန်မာနိုင်ငံတော်၏ နောက်ဆုံးကုန်းဘောင်မင်းဆက်အုပ်စိုးစဉ် ကာလသို့ ပင်ရောက်ရှိနေပြီဖြစ်ပါသည်။

## ၂။ ကနေဒါနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏မြစ်ဖျားများ

အထက်တွင်ဖော်ပြခဲ့ပြီးသော British North America Act, 1867[၉] သည် ကနေဒါနိုင်ငံ၏ လက်ရှိဖွဲ့စည်းပုံအခြေခံဥပဒေ၏အစဖြစ်သည့် ကိုလိုနီခေတ်အက်ဥပဒေ ဖြစ်ပါသည်။ ယင်းအက်ဥပဒေကို ၁၈၇၁၊ ၁၈၇၅၊ ၁၈၈၆၊ ၁၉၀၇၊ ၁၉၁၅၊ ၁၉၄၀၊ ၁၉၄၆၊ ၁၉၄၉ မှ ၁၉၇၅ ခုနှစ်ထိပြင်ဆင်ချက်များ ပြုလုပ်ခဲ့ပါသည်။[၁၀] ယင်းပြင်ဆင်ချက်များတွင် အခြေခံဥပဒေ၏ အမည်ကိုပြောင်းလဲခြင်းမရှိဘဲ ပြည်နယ်အစိုးရများ ပြောင်းလဲခြင်း၊ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများအကြား ဆက်နွယ်ချက်များနှင့်အာဏာခွဲဝေပုံ၊ ဖက်ဒရယ်အစိုးရနှင့် ပြည်နယ်အစိုးရများအကြား ပူးတွဲဆောင်ရွက်ရမည့် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာအစီအမံများကိုသာ အလေးထားပြင်ဆင်ခဲ့ခြင်း ဖြစ်ပါသည်။[၁၁]

၁၉၈၂ ခုနှစ်၊ ဧပြီလ ၁၇ ရက်နေ့တွင် ကနေဒါနိုင်ငံသားများ၏ ဥပဒေအရ ရရှိသော အခွင့်အရေးများနှင့် သမိုင်းကြောင်းအရ ရရှိပြီးဖြစ်သောအခွင့်အရေးများကို ဥပဒေဖြင့် အာမခံချက်ပေးရန်အလို့ငှာ **ကနေဒီးယန်းလွတ်လပ်ခွင့်နှင့် အခွင့်အရေးများ ပဋိညာဉ်စာတမ်း** (Canadian Charter of Rights and Freedoms) ကို ဒုတိယမြောက် အဲလိဇဘက်ဘုရင်မက လက်မှတ်ရေးထိုးထုတ်ပြန်ပြီးနောက် ကနေဒါနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေသစ် (၁၉၈၂ ခုနှစ်) (Constitution Act, 1982) တွင်ထည့်သွင်းပြဋ္ဌာန်းခဲ့သည်။ ယခင် British North America Act,

[၉] ၁၈၆၇ ခုနှစ်၊ မတ်လ ၂၉ ရက်နေ့တွင် တော်ဝင်ခွင့်ပြုချက်ဖြင့် ပြဋ္ဌာန်းခဲ့ပြီး ၁၈၆၇ ခုနှစ်၊ ဇူလိုင်လ ၁ ရက်နေ့တွင်စတင်အာဏာသက်ဝင်သည်။

[၁၀] ဒီမိုကရေစီနိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဦးဇကြိုင်(B.A;B.L)၊SYT စာပေ၊ ပထမအကြိမ်ပုံနှိပ်ခြင်း၊ ၂၀၁၆ ခုနှစ်၊ စာ-၁၉၅။

[၁၁] The Historical Context of Constitutional Change in Canada, Filippo Sabetti, Associate Professor of Political Science, McGill University, Vol-45, No.4, p-13. (https://scholarship.lawduke.edu/cgi/viewcontent.cgi?article=3671&context=lcp. တွင် download ရယူနိုင်ပါသည်။)

1867 ၏ ၁၉၇၅ ခုနှစ်ထိ ပြင်ဆင်ပြီးပြဋ္ဌာန်းချက်များကို ရပ်ဆိုင်းခြင်းမရှိဘဲ Constitution Act , 1867 ဟု အမည်ပြောင်းလဲခေါ်ဝေါ်ကာ အခြေခံဥပဒေနှစ်ခုလုံး အသုံးပြုခဲ့ပါသည်။ ယခင်ပြဋ္ဌာန်းချက်ဖြစ်သည့် ၁၈၆၇ခုနှစ်ဥပဒေတွင်အခြေခံဥပဒေပြင်ဆင်ခြင်းနှင့်စပ်လျဉ်း၍ထည့်သွင်းပြဋ္ဌာန်းထားခြင်းမရှိဘဲ ကနေဒါနိုင်ငံ၏ အခြေခံဥပဒေကိုပြင်ဆင်ရန် အင်္ဂလန်ပါလီမန်ကသာဆောင်ရွက်ပါသည်။ ၁၉၈၂ ခုနှစ် အခြေခံဥပဒေပေါ်ပေါက်လာသောအခါမှသာ ကနေဒါနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေကို ကနေဒါပါလီမန်တွင် ပြင်ဆင်ခွင့်ရရှိပြီး ပြင်ဆင်ရန် နည်းလမ်းများထည့်သွင်းပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။[၁၂]

*(ဤနေရာတွင် ကနေဒါနိုင်ငံ၌ ဗြိတိသျှတို့ ပြဋ္ဌာန်းပေးခဲ့သော British North America Act, 1867နှင့် မြန်မာနိုင်ငံ၏ Government of Burma Act, 1935 ကို အကျဉ်းမျှနှိုင်းယှဉ်တင်ပြလိုပါသည်။ မြန်မာနိုင်ငံသည် British India ၏အစိတ်အပိုင်းတစ်ခုအဖြစ်မှ ခွဲထုတ်ခံရပြီး Government of Burma Act, 1935 အရသီးခြားကိုလိုနီနိုင်ငံအဆင့်ဖြင့်ရပ်တည်ခဲ့ရပါသည်။ ယင်းဥပဒေ၏နိဒါန်းပိုင်းတွင် မြန်မာနိုင်ငံအတွက် အုပ်ချုပ်ရေးအခွင့်အာဏာအားလုံးနှင့် တရားစီရင်ရေးဆိုင်ရာတို့ကို ဗြိတိသျှအစိုးရကသာပိုင်ဆိုင်ကြောင်း ဖော်ပြထားပါသည်။ မြန်မာပြည်ဘုရင်ခံသည် ဗြိတိသျှဘုရင်ကိုတာဝန်ခံရပြီး ဝန်ကြီးအဖွဲ့ကိုဖွဲ့စည်းနိုင်ကာ မြန်မာလူမျိုးနန်းရင်းဝန်တစ်ဦး ရွေးချယ်ခန့်အပ်ပါသည်။ မြန်မာနိုင်ငံ၏ ဥပဒေပြုလွှတ်တော်ကို အထက်လွှတ်တော်၊ အောက်လွှတ်တော်ဟူ၍ လွှတ်တော် (၂) ရပ်ဖြင့် ဖွဲ့စည်းပေးထားကြောင်း တွေ့ရပါသည်။ သက်တမ်းမှာ (၇)နှစ်ဖြစ်ပါသည်။ အောက်လွှတ်တော်အမတ်များကို မြန်မာလူထုကရွေးကောက်တင်မြှောက်ရပြီး အထက်လွှတ်တော် အမတ်များကိုဘုရင်ခံက ရွေးချယ်ခန့်အပ်ပါသည်။ ဥပဒေပြုလုပ်ငန်းစဉ်များမှာ ကနေဒါနိုင်ငံနှင့် တူညီမှုရှိသော်လည်း ဥပဒေပြုအာဏာမှာကနေဒါနိုင်ငံကဲ့သို့ ကျယ်ပြန့်သော ဥပဒေပြုအာဏာ မရရှိကြောင်း တွေ့ရပါသည်။ ကနေဒါနိုင်ငံကဲ့သို့ ဖက်ဒရယ်စနစ်ဆိုင်ရာ ပြဋ္ဌာန်းချက်မျိုးမတွေ့ရှိရပေ။ တူညီသည့်အချက်မှာ Government of Burma Act, 1935 ကို မြန်မာနိုင်ငံ၏ ဥပဒေပြုလွှတ်တော်က ပြင်ဆင်ခွင့်မရှိဘဲ အင်္ဂလန်ပါလီမန်ကသာ ပြင်ဆင်နိုင်ခြင်းဖြစ်ပါသည်။[၁၃])*

## ၃။ ကနေဒါနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေအပေါ် 7 Rs စံနှုန်းဖြင့်လေ့လာခြင်း

ကနေဒါနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည် အင်္ဂလိပ်တို့ရေးဆွဲသော British North America Act, 1867 ကိုအခြေခံထားသဖြင့် ဗြိတိန်နိုင်ငံ၏ ရေးသားထားခြင်းမရှိသော (Unwritten or Uncodified) ဖွဲ့စည်းပုံအခြေခံဥပဒေ၏ သဘောသဘာဝများကိုလည်းတွေ့ရှိရ

---

[၁၂] အထက်ပါအောက်ခြေမှတ်စုတွင်ဖော်ပြပြီး၊ စာ ၂၃၊ ၃၁ နှင့် ၃၂။ (Justice Law website of Canada Government နှင့် https://en.wikipedia.org/wiki/Canadian_Charter_of_Rights_and_Freedoms တွင်လည်း ကြည့်ရှုနိုင်ပါသည်။)

[၁၃] Arthur Eggar, Advocate–General, Burma, Digest of The Governmern of Burma Act, Reprint–1962, Superintendent, Government Printing and Stationary, Rangoon စာအုပ်မှ ကောက်နုတ်၍အကျဉ်းဖော်ပြခြင်းဖြစ်ပါသည်။

ပါသည်။ အက္ခရာတင်ရေးသားထားသော ဥပဒေပြဋ္ဌာန်းချက်များပါရှိသကဲ့သို့ ရေးသားထားခြင်းမရှိဘဲကျင့်သုံးသောအချို့အချက်များလည်းတွေ့ရှိရပါသည်။

ယခုအခါ ကမ္ဘာပေါ်ရှိနိုင်ငံအားလုံးနီးပါးသည် ဖွဲ့စည်းပုံအခြေခံဥပဒေကို ရေးဆွဲပြဋ္ဌာန်းကျင့်သုံးလာသည်နှင့်အမျှ မျက်မှောက်ခေတ် နိုင်ငံတကာအခြေခံဥပဒေဆိုင်ရာ ပညာရှင်များ[၁၄] ကဖွဲ့စည်းပုံအခြေခံဥပဒေတိုင်းတွင် အခြေခံအားဖြင့်ပါဝင်သည့်အချက်များကို 7 Rs စံနှုန်း (7Rs Analytical Methods of Constitution) ဖြင့် ဖော်ပြလေ့ရှိကြပါသည်။ ထိုစံနှုန်းများမှာ–

(က) **Representation** (နိုင်ငံတော်အစိုးရ၏ပြည်သူ့ကိုယ်စားပြုမှုနှင့်ရွေးကောက်ပွဲများ)

(ခ) **Relationship** (အစိုးရယန္တရားများဆက်နွယ်မှု သို့မဟုတ် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှုပြုခြင်း)

(ဂ) **Region** (အစိုးရအဆင့်အလိုက်အာဏာခွဲဝေမှုများ (Division of Powers))

(ဃ) **Rights** (ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်အကာအကွယ်ပေးသောအခွင့်အရေးများ)

(င) **Reform** (ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ)

(စ) **Recognition** (ကိုယ်ပိုင်လက္ခဏာအသိအမှတ်ပြုခံရမှု)

(ဆ) **Roadmap** (ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ) စသည်တို့ဖြစ်ပါသည်။

ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်ကို အထက်ပါ စံနှုန်း (၇) မျိုးဖြင့် လေ့လာတင်ပြအပ်ပါသည်–

## ၃–၁။ Representation (နိုင်ငံတော်အစိုးရ၏ ပြည်သူ့ကိုယ်စားပြုမှုနှင့်ရွေးကောက်ပွဲများ)

ကိုယ်စားပြုခြင်း (Representation) ဆိုသည်မှာ ပြည်သူများထံအပ်နှင်းထားသော နိုင်ငံတော်၏အချုပ်အခြာအာဏာကို တရားမျှတ၍ လွတ်လပ်သော ရွေးကောက်ပွဲများဖြင့် ပြည်သူများက ယင်းတို့၏ကိုယ်စားလှယ်များကို ရွေးကောက်တင်မြှောက်ရာတွင် အခြေခံရမည့် ကိုယ်စားပြုခြင်း သဘောတရားကိုဆိုလိုပါသည်။

ဤအပိုင်းတွင် ကနေဒါနိုင်ငံ၏ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးမဏ္ဍိုင်တို့သည်ပြည်သူများအားမည်သည့် အတိုင်းအတာထိကိုယ်စားပြုမှုရှိသည်၊ ရွေးကောက်ပွဲများကို မည်ကဲ့သို့ကျင်းပသည် စသည့်တို့ကိုလေ့လာတင်ပြသွားပါမည်–

### (က) အုပ်ချုပ်ရေးမဏ္ဍိုင်အတွက် ကိုယ်စားပြုမှု

ကနေဒါနိုင်ငံ၏ အုပ်ချုပ်ရေးအာဏာကို ဘုရင်မထံတွင် အပ်နှင်းထားပါသည်။ ထီးနန်း၏ ကိုယ်စားလှယ်အဖြစ် ဘုရင်ခံချုပ် (Governor General) တစ်ဦးကိုဘုရင်မကခန့်အပ်ပါသည်။

---

[၁၄] Tom Ginsburg, Professor of International Law and Political Science at the University of Chicago နှင့် Sumit Bisarya, Juris Doctor, Columbia University, Constitution Building Processes Expertise.

ဘုရင်ခံချုပ်သည် နိုင်ငံ၏အကြီးအကဲဖြစ်ပြီး ဘုရင်မကိုအမည်ခံ၍ ဆောင်ရွက်ရပါသည်။ ဘုရင်ခံချုပ်ကို ဘုရင်မကတာဝန်မှရပ်စဲနိုင်ပါသည်။ ဘုရင်ခံချုပ်၏ သက်တမ်းမှာ (၅) နှစ် ဖြစ်ပါသည်။ အောက်လွှတ်တော် (House of Commons) မှ မဲအများဆုံးအနိုင်ရရှိသည့် ပါတီ၏ ခေါင်းဆောင်ကို ဝန်ကြီးချုပ်အဖြစ် တာဝန်ထမ်းဆောင်ရန် ဘုရင်ခံချုပ်က ခန့်အပ်ပါသည်။ ပြည်နယ်များအတွက် ဘုရင်ခံ (Lieutenant Governor) တစ်ဦးစီကို ဘုရင်ခံချုပ်က ရွေးချယ်ခန့်အပ်ပါသည်။ ပြည်နယ်ဘုရင်ခံ၏သက်တမ်းမှာ (၅)နှစ်ဖြစ်ပါသည်။ ပြည်နယ်များတွင် အုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်းထားရှိပြီး ပြည်နယ်အုပ်ချုပ်ရေးအကြီးအကဲ (Premier) ကို ပြည်နယ်ဘုရင်ခံက ခန့်အပ်ပါသည်။ ကနေဒါနိုင်ငံ၏တပ်မတော်ကာကွယ်ရေးဦးစီးချုပ်အာဏာကို ဘုရင်မထံအပ်နှင်းထားပါသည်။[၁၅]

ဝန်ကြီးချုပ်၏ အခန်းကဏ္ဍကိုအခြေခံဥပဒေဖြင့် သတ်မှတ်ပြဋ္ဌာန်းထားခြင်းမရှိသော်လည်း အုပ်ချုပ်ရေးလုပ်ငန်းများ လက်တွေ့ဆောင်ရွက်ရာ၌ ဝန်ကြီးချုပ်သည် လုပ်ပိုင်ခွင့်နှင့်သြဇာအာဏာအရှိဆုံး ဖြစ်ပါသည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့(Cabinet) အကြီးအကဲဖြစ်ပြီး အောက်လွှတ်တော်အမတ်များအနက်မှ ဝန်ကြီးများကို ရွေးချယ်ခန့်အပ်ခြင်း၊ ရာထူးမှ ထုတ်ပယ်ခြင်းတို့ဆောင်ရွက်နိုင်ပါသည်။ ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝင် ဝန်ကြီးများသည် အောက်လွှတ်တော် (House of Commons) တာဝန်ခံရပါသည်။ ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲအဖြစ် ခန့်အပ်ခြင်းခံရပြီးနောက်တွင်လည်း အောက်လွှတ်တော်အမတ်အဖြစ် ဆက်လက်ဆောင်ရွက်သည်။ ယင်းကဲ့သို့ ဆက်လက်ဆောင်ရွက်ရန်အတွက် တရားဝင်ဥပဒေဖြင့်ပြဋ္ဌာန်းထားခြင်းမဟုတ်ဘဲ အင်္ဂလန်နိုင်ငံ၏ပုံစံကို ကျင့်သုံးခြင်းဖြစ်ပါသည်။ ဝန်ကြီးချုပ်၏ သက်တမ်းကိုဥပဒေဖြင့်သတ်မှတ်ထားခြင်းမရှိပါ။ ဝန်ကြီးချုပ်၏ပါတီသည် အောက်လွှတ်တော်တွင် မဲအများဆုံးအနိုင်ရပါက ဝန်ကြီးချုပ်အဖြစ်ဆက်လက်ဆောင်ရွက်ရပါသည်။ အတိုက်အခံပါတီမှ မဲအများဆုံးအနိုင်ရပါက ဝန်ကြီးချုပ်ရာထူးမှ နုတ်ထွက်ရပါသည်။

သို့ဖြစ်ပါ၍ ကနေဒါနိုင်ငံ၏ နိုင်ငံတော်အကြီးအကဲဖြစ်သည့် ဘုရင်ခံချုပ်သည် မြန်မာနိုင်ငံကဲ့သို့ ပြည်သူ့ကိုယ်စားပြုလွှတ်တော် (ပါလီမန်)ကို တာဝန်ခံကာ ဆင်းသက်ဖွဲ့စည်းထားခြင်းမဟုတ်ဘဲ ဘုရင်မကိုတာဝန်ခံကာ ပြည်သူ့ကိုယ်စားပြုမှုမရှိကြောင်း တွေ့ရှိရပါသည်။ သို့သော်လည်း အုပ်ချုပ်ရေးကိစ္စများကို လက်တွေ့အကောင်အထည်ဖော် ဆောင်ရွက်ရသည့် အစိုးရအဖွဲ့၏အကြီးအကဲဖြစ်သော ဝန်ကြီးချုပ်နှင့် အစိုးရအဖွဲ့ဝန်ကြီးများသည် အောက်လွှတ်တော်မှတဆင့် ပြည်သူကိုကိုယ်စားပြုမှုရှိကြောင်း တွေ့ရှိရပါသည်။ ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးမူဝါဒအားလုံးကို ချမှတ်နိုင်သူဖြစ်ပါသည်။ ဘုရင်မသည် မင်းခမ်းမင်းနားဆိုင်ရာ နိုင်ငံတော်အကြီးအကဲ (Ceremorial Head of State) ဖြစ်ပြီး ဘုရင်ခံချုပ်သည် နိုင်ငံတော်အကြီးအကဲကိုယ်စားပြု၍ ဆောင်ရွက်ရကြောင်းတွေ့ရှိရပါသည်။

---

[၁၅] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၊၁၀၊၁၂၊ ၁၅၊ ၅၈ နှင့် ၅၉ တို့တွင် ကြည့်ရှုနိုင်ပါသည်။

## (ခ) ဥပဒေပြုရေးမဏ္ဍိုင်အတွက်ကိုယ်စားပြုမှု

ကနေဒါနိုင်ငံ၏ ဥပဒေပြုလွှတ်တော် (Parliament) တွင် ဘုရင်မကြီးအပါအဝင် အထက်လွှတ်တော် Upper House (styled Senate) နှင့် အောက်လွှတ်တော် House of Commons တို့ဖြင့် ပါဝင်ဖွဲ့စည်းထားပါသည်။[၁၆] ပြည်နယ် (၉) ခုနှင့် နယ်မြေ (၃) ခုတွင်ဥပဒေပြုလွှတ်တော်တစ်ရပ်စီထားရှိပြီး Quebec ပြည်နယ်တွင် လွှတ်တော်နှစ်ရပ်ထားရှိပါသည်။[၁၇]

**အထက်လွှတ်တော် Upper House (styled the Senate)**

အထက်လွှတ်တော်ကို လွှတ်တော်အမတ်ဦးရေ (၁၀၅) ဦးဖြင့် ဖွဲ့စည်းထားပြီး ထိုလွှတ်တော်အမတ်များသည် Ontario ပြည်နယ်အတွက် (၂၄) နေရာဖြင့်လည်းကောင်း၊ Quebec ပြည်နယ်အတွက် (၂၄) နေရာဖြင့်လည်းကောင်း၊ ပင်လယ်ပိုင်းပြည်နယ်များ (Maritime Provinces) အတွက် (၂၄) နေရာအနက် Nova Scotia ပြည်နယ်အတွက် (၁၀) နေရာ၊ New Brunswick ပြည်နယ် အတွက် (၁၀) နေရာနှင့် Prince Edward Island အတွက် (၄)နေရာဖြင့် လည်းကောင်းခန့်အပ် ထားပါသည်။ အနောက်ပိုင်းပြည်နယ်များအတွက် (၂၄) နေရာအနက် Manitoba ပြည်နယ် အတွက်(၆) နေရာ၊ British Columbia ပြည်နယ်အတွက် (၆) နေရာ၊ Saskatchewan ပြည်နယ် အတွက် (၆) နေရာနှင့် Alberta ပြည်နယ် အတွက် (၆) နေရာ စသည်ဖြင့် ခန့်အပ်ထားပါသည်။ ထို့အပြင် Newfoundland ပြည်နယ်အတွက် (၆) နေရာဖြင့် လည်းကောင်း၊ Yukon နယ်မြေ၊ Northwest နယ်မြေနှင့် Nunavut နယ်မြေတို့အတွက် လွှတ်တော်အမတ် (၁) ဦးကျစီ ဖြင့် အသီးသီးကိုယ်စားပြုပါဝင်ကြပါသည်။[၁၈]

သို့ရာတွင် ထိုအထက်လွှတ်တော် အမတ်များကို ပြည်သူများမှ ရွေးကောက်တင်မြှောက်ခြင်းမဟုတ်ဘဲ ဘုရင်မကြီး၏အမည်ကိုခံ၍ ဘုရင်ခံချုပ်က တိုက်ရိုက်ခန့်အပ်ခြင်းဖြစ်ပါသည်။ အထက်လွှတ်တော်အမတ်နေရာ တိုး၍ခန့်အပ်ခြင်း၊ လျှော့၍ခန့်အပ်ခြင်း၊ လစ်လပ်၍ခန့်အပ်ခြင်းတို့ကိုလည်း ဘုရင်ခံချုပ်ကသာ လုပ်ပိုင်ခွင့်အာဏာရှိပါသည်။ အထက်လွှတ်တော်အမတ်များ၏ အရည်အချင်းဆိုင်ရာပြဿနာများကိုမူ အထက်လွှတ်တော်၌သာ ကြားနာဆုံးဖြတ်ပါသည်။ လွှတ်တော်အမတ်များ၏ သက်တမ်းမှာလည်း အသက် (၇၅) နှစ်ပြည့်သည်အထိ ရာသက်ပန်ထမ်းဆောင်ခွင့်ရှိပါသည်။ အထက်လွှတ်တော်နာယကကိုလည်း ဘုရင်ခံချုပ်ကသာရွေးချယ်ခန့်အပ်ပါသည်။[၁၉] အထက်လွှတ်တော်အမတ်အဖြစ် ခန့်အပ်ရန်အတွက် အသက် (၃၀) နှစ်ပြည့်ပြီးသူ၊ အင်္ဂလန်နိုင်ငံတွင်းမွေးဖွားသူ သို့မဟုတ် ဥပဒေအရနိုင်ငံသားပြုခွင့်ရသူ၊ ကနေဒါနိုင်ငံတွင်းမွေးဖွားသူ သို့မဟုတ် ဥပဒေအရနိုင်ငံသားပြုခွင့်ရသူ၊ ဒေါ်လာ ၄၀၀၀ တန်ဖိုး

---

[၁၆] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၇ တွင်ကြည့်ရှုနိုင်ပါသည်။

[၁၇] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၀နှင့် ၇၁တို့တွင်ကြည့်ရှုနိုင်ပါသည်။

[၁၈] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၁ နှင့် ၂၂ တို့တွင် ကြည့်ရှုနိုင်ပါသည်။

[၁၉] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၄၊ ၂၆၊၂၇၊၂၉၊၃၂၊ ၃၃ နှင့် ၃၄ တို့တွင် ကြည့်ရှုနိုင်ပါသည်။

ရှိသောမြေပိုင်ဆိုင်မှုရှိသူ၊ ကိုယ်ပိုင်ပစ္စည်း ဒေါ်လာ ၄၀၀၀ တန်ဖိုးရှိသူနှင့် ခန့်အပ်ထားသည့် နယ်မြေတွင် အခြေချနေထိုင်နိုင်သူဖြစ်ရန်သာ လိုအပ်ပါသည်။[၂၀] ကနေဒါနိုင်ငံ၏ အထက်လွှတ်တော်သည် ပြည်သူများနှင့် မဲဆန္ဒနယ်မြေကိုကိုယ်စားပြုခြင်းမရှိကြောင်းတွေ့ရှိရပါသည်။

**အောက်လွှတ်တော် (House of Commons)**

အောက်လွှတ်တော် (House of Commons) ကို လွှတ်တော်အမတ်ဦးရေ (၃၃၈) ဦးဖြင့် ဖွဲ့စည်းထားပြီး Ontario ပြည်နယ်အတွက် (၁၂၁) နေရာ၊ Quebec ပြည်နယ်အတွက် (၇၈) နေရာ၊ Nova Scotia ပြည်နယ်အတွက် (၁၁) နေရာ၊ New Brunswick ပြည်နယ်အတွက် (၁၀) နေရာ၊ Manitoba ပြည်နယ်အတွက် (၁၄) နေရာ၊ British Columbia ပြည်နယ်အတွက် (၄၂) နေရာ၊ Prince Edward Island အတွက် (၄) နေရာ၊ Alberta ပြည်နယ်အတွက် (၃၄) နေရာ၊ Saskatchewan ပြည်နယ်အတွက် (၁၄) နေရာ၊ Newfoundland ပြည်နယ် အတွက် (၇) နေရာနှင့် Yukon နယ်မြေ၊ Northwest နယ်မြေနှင့် Nunavut နယ်မြေတို့ အတွက် လွှတ်တော်အမတ် (၁) ဦးကျစီဖြင့် ကိုယ်စားပြုပါသည်။ အောက်လွှတ်တော်အမတ်များကိုမူ မဲဆန္ဒနယ်မြေများ သတ်မှတ်၍ ပြည်သူများက ရွေးကောက်တင်မြှောက်ပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့် မဲဆန္ဒနယ် ၂၉၅ နယ်သတ်မှတ်၍ **မဲအများဆုံးရရှိသူအနိုင်ယူစနစ် (First–Past–The–Post electoral system)** ဖြင့် ရွေးကောက်ပွဲများ ကျင်းပပါသည်။[၂၁] အောက်လွှတ်တော်၏ သက်တမ်းမှာ (၅) နှစ်ဖြစ်ပါသည်။ အောက်လွှတ်တော်နာယကကို လွှတ်တော်အမတ်များအနက်မှ တစ်ဦးအား အောက်လွှတ်တော် ပထမအကြိမ်အစည်းအဝေးတွင် ရွေးကောက်တင်မြှောက်ပါသည်။[၂၂] အောက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်ခံရန်အတွက် အသက် (၂၀) နှစ်ပြည့်ပြီးသူဖြစ်ရန် သာလိုအပ်ပြီး ပစ္စည်းပိုင်ဆိုင်မှုအတွက်သတ်မှတ်ချက်မရှိပါ။ သို့ရာတွင် စိတ်ပေါ့သွပ်သူများ၊ ဘုရင် သို့မဟုတ် ဘုရင်မကို ကိုယ်စားပြုသောအရာရှိ (Sheriffs)၊ တိုင်းပြည်ငြိမ်းချမ်းရေး လုပ်ငန်း၊ အမှုများစွဲဆိုရေးနှင့်မှတ်တမ်းတင်ရေးလုပ်ငန်းကို ဆောင်ရွက်ရသည့် အစိုးရအရာရှိများ(clerk of the peace)၊ တရားသူကြီးများ၊ ရွေးကောက်ပွဲဆိုင်ရာအရာရှိများ၊ ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များ၊ နယ်မြေကောင်စီဝင်များ၊ အထက်လွှတ်တော်ကိုယ်စားလှယ်များသည် အောက်လွှတ်တော်အမတ်အဖြစ် ရွေးကောက်ခံပိုင်ခွင့်မရှိပါ။[၂၃] ကနေဒါနိုင်ငံ၏ အောက်လွှတ်တော်သည် ပြည်သူများနှင့် မဲဆန္ဒနယ်များကို ကိုယ်စားပြုမှုရှိကြောင်းတွေ့ရှိရပါသည်။

---

[၂၀] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၃ တွင်ကြည့်ရှုနိုင်ပါသည်။

[၂၁] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၇၊ ၄၀ နှင့် ပထမဇယားပါ အွန်တာရီယိုပြည်နယ်၏ မဲဆန္ဒနယ်မြေများ စာရင်းတို့တွင် ကြည့်ရှုနိုင်ပါသည်။(ယနေ့အထိနောက်ဆုံးရအချက်အလက်များနှင့်ဖြည့်စွက်ထားပါသည်။)

[၂၂] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ်မ ၄၄ နှင့် ၅၀ တို့တွင်ကြည့်ရှုနိုင်ပါသည်။

[၂၃] ဒီမိုကရေစီနိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဦးဗကြိုင်(B.A;B.L)၊SYT စာပေ၊ ပထမအကြိမ်ပုံနှိပ်ခြင်း၊ ၂၀၁၆ ခုနှစ်၊ စာ–၂၀၄။ (ကနေဒါနိုင်ငံ၏ ၂၀၁၃ ခုနှစ်ထိပြင်ဆင်ပြီးဖြစ်သည့် ရွေးကောက်ပွဲအက်ဥပဒေ ပုဒ်မ ၆၅ ၌လည်း ဖော်ပြထားပါသည်။)

**ပြည်နယ်လွှတ်တော်များ (Legislative Assembly of Provinces)**

ပြည်နယ် သို့မဟုတ် နယ်မြေလွှတ်တော် (Legislative Assembly) တစ်ရပ်တည်းထားရှိသောပြည်နယ်နှင့်နယ်မြေများတွင် လွှတ်တော်ကိုယ်စားလှယ်များကို ရွေးကောက်ပွဲကျင်းပ၍ ရွေးကောက်တင်မြှောက်ပါသည်။ Quebec ပြည်နယ်၏ Legislative Council အဖွဲ့ဝင်များကို ပြည်နယ်ဘုရင်ခံက ခန့်အပ်ပြီး Legisaltive Assembly အတွက်မူ ရွေးကောက်ပွဲကျင်းပ၍ ရွေးကောက်တင်မြှောက်ပါသည်။[၂၄] ပြည်နယ်လွှတ်တော်များသည် လူထုနှင့်မဲဆန္ဒနယ်မြေအတွက် ကိုယ်စားပြုမှုရှိကြပါသည်။

**(ဂ) တရားစီရင်ရေးမဏ္ဍိုင်အတွက်ကိုယ်စားပြုမှု**

ကနေဒါနိုင်ငံ၏ ဥပဒေစနစ်မှာ အင်္ဂလိပ်ရိုးရာဥပဒေစနစ် (Common Law Legal System)နှင့် ဥရောပဥပဒေစနစ် (Civil Law Legal System)တို့ကိုအတူယှဉ်တွဲကျင့်သုံးသည့် ဒွိဥပဒေစနစ် (Bijuralism) ဖြစ်ပါသည်။ ကွီဘက်ပြည်နယ်သည် Civil Law Legal System ကိုကျင့်သုံး၍ ကနေဒါ၏ ကျန်ပြည်နယ်များသည် Common Law Legal System ကိုကျင့်သုံးပါသည်။[၂၅]

ပြည်ထောင်စုအဆင့်တရားရုံး၊ ပြည်နယ်တရားရုံးများနှင့် ဒေသန္တရ တရားရုံးများအတွက် တရားသူကြီးများအားလုံးကို ဘုရင်ခံချုပ်က ခန့်အပ်ခြင်း၊ ရာထူးမှထုတ်ပယ်ခြင်းပြုနိုင်ပါသည်။[၂၆] တရားသူကြီးများ၏ သက်တမ်းမှာ အသက် (၇၅) နှစ်ပြည့်သည်အထိ တာဝန်ထမ်းဆောင်ရန် ဖြစ်ပါသည်။[၂၇] ပြည်ထောင်စုတရားသူကြီးချုပ်ကို ဝန်ကြီးချုပ်၏အကြံပြုထောက်ခံချက်ဖြင့် ဘုရင်ခံချုပ်က ခန့်အပ်ပါသည်။[၂၈] ကနေဒါနိုင်ငံ၏ တရားလွှတ်တော်ချုပ် (Supreme Court) သည် နောက်ဆုံးအယူခံဝင်ရာတရားရုံးဖြစ်ပြီး ဖွဲ့စည်းပုံအခြေခံဥပဒေရေးရာ အငြင်းပွားမှုများအပါအဝင် ဥပဒေနယ်ပယ်အားလုံးရှိ အငြင်းပွားမှုများကို စီရင်ဆုံးဖြတ်ပိုင်ခွင့်အာဏာရှိပါသည်။ တရားလွှတ်တော်ချုပ်ကို တရားသူကြီးချုပ်နှင့် တရားလွှတ်တော်ချုပ် တရားသူကြီး (၈) ဦး တို့ဖြင့်ဖွဲ့စည်းထားပါသည်။ တရားသူကြီးများ အတွက်အရည်အချင်းသတ်မှတ်ချက်မှာ ပြည်နယ်ရှေ့နေများကောင်စီ၌ အနည်းဆုံး (၁၀) နှစ် ကြာဆောင်ရွက်ခဲ့ဖူးသူ သို့မဟုတ် ပြည်နယ်တရားလွှတ်တော်တရားသူကြီးများအဖြစ် ဆောင်ရွက်ခဲ့ဖူးသူဖြစ်ရန် လိုအပ်ပါသည်။ တရားသူကြီးများအနက် ကွီဘက်ပြည်နယ်မှ တရားသူကြီး (၃) ဦးကို ယင်းပြည်နယ်အား ကိုယ်စားပြုလျက် မဖြစ်မနေခန့်အပ်ရပါသည်။[၂၉]

---

[၂၄] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇၂ နှင့် ၈၀ တို့တွင်ကြည့်ရှုနိုင်ပါသည်။

[၂၅] Canada’s Legal System, Canada’s System of Justice at http://canada.justice.gc.ca/eng/dept –min/pub/just. တွင်ကြည့်ရှုနိုင်ပါသည်။

[၂၆] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၆ တွင်ကြည့်ရှုနိုင်ပါသည်။

[၂၇] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၉ (၂) တွင်ကြည့်ရှုနိုင်ပါသည်။

[၂၈] ၁၉၈၅ ခုနှစ်၊ တရားလွှတ်တော်ချုပ်အက်ဥပဒေ ပုဒ်မ ၄ (၂) တွင်ကြည့်ရှုနိုင်ပါသည်။

[၂၉] ၁၉၈၅ ခုနှစ်၊ တရားလွှတ်တော်ချုပ်အက်ဥပဒေ ပုဒ်မ ၄၊ ၅၊ ၆နှင့် ၅၃ တို့တွင်ကြည့်ရှုနိုင်ပါသည်။

## ၃-၂။ Relationship (အစိုးရယန္တရားများဆက်နွယ်မှု သို့မဟုတ် အချင်းချင်းအပြန်အလှန် ထိန်းကျောင်းမှုပြုခြင်း)

ဤအပိုင်းတွင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်တို့၏ ဆက်နွယ်ဆောင်ရွက်မှု၊ အာဏာသုံးရပ်ပိုင်းခြားဆောင်ရွက်မှုနှင့် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းမှုပြုပုံကို တင်ပြသွားပါမည်-

လွှတ်တော် (၂) ရပ်လုံးသည် ဥပဒေပြုခြင်း၊ ပြင်ဆင်ခြင်း၊ ပယ်ဖျက်ခြင်းတို့ပြုလုပ်ရန် တူညီသောအဆင့်အတန်းရှိပါသည်။ ငွေကြေးဆိုင်ရာဥပဒေများမှတစ်ပါး အခြားဥပဒေတစ်ရပ်ရပ်ကို အတည်ပြုပြဋ္ဌာန်းရန်အတွက် လွှတ်တော် (၂) ရပ်စလုံးတွင် ဥပဒေကြမ်းအဆိုပြုမှုကို စတင်နိုင်ပါသည်။ လက်တွေ့တွင်မူအောက်လွှတ်တော် (House of Commons) ၌သာ စတင်လေ့ရှိကြောင်း သိရှိရပါသည်။ ထို့နောက် ဥပဒေကြမ်းအားစိစစ်ရန်အတွက်ကော်မတီသို့ ပေးပို့စေပါသည်။ ဥပဒေကြမ်းအား အောက်လွှတ်တော်တွင်အတည်ပြုပြီးပါက အထက်လွှတ်တော် (Upper House) သို့ ပေးပို့စေပါသည်။ အထက်လွှတ်တော်ကအတည်ပြုပြီးပါက အောက်လွှတ်တော်သို့ ပြန်လည်ပေးပို့၍ အတည်ပြုချက်ရယူစေပါသည်။ လွှတ်တော် (၂) ရပ်လုံးတွင် အတည်ပြုပြီးသည့် ဥပဒေကြမ်းကို ဘုရင်ခံချုပ်က ဘုရင်မထံတင်ပြ၍ တော်ဝင်ခွင့်ပြုချက် (Royal Assent) ရရှိပြီးနောက် လက်မှတ်ရေးထိုးကာ ဥပဒေအဖြစ်ထုတ်ပြန် ကြေညာပါသည်။ ဘုရင်မ၏ တော်ဝင်ခွင့်ပြုချက် မရရှိဘဲ ချန်လှပ်ထားသည့်ဥပဒေများကို တင်ပြသည့်နေ့ရက်မှစ၍ (၂) နှစ် အတွင်း အာဏာသက်ရောက်မှုမရှိစေရပါ။[၂၀] ငွေကြေးဆိုင်ရာဥပဒေကြမ်းများဖြစ်သည့် အခွန်ကောက်ခံခြင်းနှင့် ခွဲဝေခြင်းဆိုင်ရာဥပဒေကြမ်းများကိုမူ အောက်လွှတ်တော်၌သာ အဆိုပြုတင်သွင်းခွင့်ရှိပါသည်။ ယင်းငွေကြေးဆိုင်ရာဥပဒေများကို အတည်ပြုပြဋ္ဌာန်းရန်အတွက် ဘုရင်ခံချုပ်၏ ထောက်ခံအတည်ပြုချက်ကို ဦးစွာလိုအပ်ပါသည်။[၂၁]

အုပ်ချုပ်ရေးကဏ္ဍတွင် ဝန်ကြီးချုပ်ဦးဆောင်သည့်အစိုးရအဖွဲ့(Cabinet)သည် အဓိကအဆုံးအဖြတ်ပြုနိုင်သည့်အဖွဲ့အစည်းဖြစ်ပါသည်။ အစိုးရအဖွဲ့ဝင်များကို အောက်လွှတ်တော် (House of Commons) တွင် အများဆုံးအနိုင်ရရှိသော အာဏာရပါတီ၏ အမတ်များဖြင့် ဖွဲ့စည်းပါသည်။ အစိုးရသည် လွှတ်တော်၏အယုံအကြည်ကို မရရှိတော့ပါက နုတ်ထွက်ပြီး ဘုရင်ခံချုပ်မှ လွှတ်တော်အားဖျက်သိမ်းနိုင်ပါသည်။ ပြည်နယ်တိုင်းမှ အောက်လွှတ်တော်တွင် အများဆုံးအနိုင်ရရှိသည့် ပါတီဝင်များသည် အစိုးရအဖွဲ့တွင် ဝန်ကြီးနေရာတစ်နေရာစီရရှိကြောင်းသိရှိရပါသည်။ အစိုးရအဖွဲ့မှ ချမှတ်သော မူဝါဒများကို လွှတ်တော်တွင် ဥပဒေကြမ်းအဖြစ်အဆိုပြုတင်သွင်း၍ မူဝါဒအားဥပဒေအဖြစ် ပြောင်းလဲနိုင်ပါသည်။ အစိုးရအဖွဲ့၏ ဝန်ကြီးတစ်ဦးချင်းစီသည် အောက်လွှတ်တော် (House of Commons)ကို တာဝန်ခံရပါသည်။

---

[၂၀] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၅၃၊ ၅၅ နှင့် ၅၇ တို့တွင် ကြည့်ရှုနိုင်ပါသည်။

[၂၁] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၅၄ တွင်ကြည့်ရှုနိုင်ပါသည်။

အရေးပါအရာရောက်သော ဥပဒေပြုရေးနှင့်အုပ်ချုပ်ရေးမူဝါဒများနှင့်စပ်လျဉ်း၍ အောက်လွှတ်တော်ကသာ ပြုလုပ်ဆောင်ရွက်ကြောင်းတွေ့ရှိရပါသည်။[၃၂] ဤသို့အားဖြင့် အုပ်ချုပ်ရေးအဖွဲ့၏ဆောင်ရွက်ချက်များကို အောက်လွှတ်တော်က အပြန်အလှန်ထိန်းကျောင်းသည့်ပုံစံအား တွေ့မြင်နိုင်ပါသည်။

ကနေဒါနိုင်ငံ၏ တရားလွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေ၏ ကြီးစိုးလွှမ်းမိုးမှုကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်သည့်အဖွဲ့အစည်း (Guardian of the Supremacy of Constitution) အဖြစ်ဆောင်ရွက်လျက် အချင်းချင်းအပြန်အလှန်ထိန်းကျောင်းခြင်း (Check and Balance) ကို တရားစီရင်ရေးရှုထောင့်မှ ဆောင်ရွက်ရသည့် အထူးကဏ္ဍတစ်ရပ်၌ရပ်တည်လျက်ရှိပါသည်။ ဖက်ဒရယ်အစိုးရသည် ဥပဒေကိစ္စရပ်များနှင့်စပ်လျဉ်း၍ တရားလွှတ်တော်ချုပ်၏ သဘောထားအမြင်ကို တောင်းခံပိုင်ခွင့်ရှိပါသည်။ အထူးသဖြင့် ဖွဲ့စည်းပုံအခြေခံဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုရန်နှင့်စပ်လျဉ်း၍လည်း မေးမြန်းနိုင်ပါသည်။ ထို့ပြင် ဖက်ဒရယ်အဆင့်၊ ပြည်နယ်အဆင့် ဥပဒေပြုလွှတ်တော်များမှ ပြဋ္ဌာန်းသည့်ဥပဒေများနှင့် လွှတ်တော်များ၏ လုပ်ပိုင်ခွင့်အာဏာတို့အပေါ် အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်းကိုလည်း ကျင့်သုံးဆောင်ရွက်နိုင်ပါသည်။[၃၃] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၅၂ တွင် ဖွဲ့စည်းပုံအခြေခံဥပဒေသည် နိုင်ငံ၏အမြင့်ဆုံးဥပဒေဖြစ်ကြောင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်မှုမရှိသည့် ဥပဒေများသည်အာဏာသက်ရောက်မှုမရှိကြောင်း ပြဋ္ဌာန်းထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် ညီညွတ်ခြင်း ရှိ မရှိ အဆုံးအဖြတ်ပြုရန်မှာ တရားလွှတ်တော်ချုပ်၏ ရမြဲစီရင်ပိုင်ခွင့်အာဏာ (Inherent Power) ဖြစ်ပါသည်။ ထိုကဲ့သို့ ဆုံးဖြတ်နိုင်သည့် တရားလွှတ်တော်ချုပ်၏ Constitutional Review Power ကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် အတိအလင်းဖော်ပြထားခြင်းမရှိဘဲ အမေရိကန်နိုင်ငံကဲ့သို့ Diffuse Constitutional Review System ကိုကျင့်သုံးကြောင်းတွေ့ရှိရပါသည်။

## ၃-၃။ Regions (အစိုးရအဆင့်လိုက်အာဏာခွဲဝေမှုများ Division of Powers)

ကနေဒါနိုင်ငံတွင် ဖက်ဒရယ်အဆင့်အစိုးရ (Federal Government)နှင့် ပြည်နယ်အဆင့်အစိုးရ (Provincial Government) ဟူ၍အစိုးရအဆင့် (၂) ဆင့်ရှိကြောင်းတွေ့ရှိရပါသည်။ ဤအပိုင်းတွင် အစိုးရအဆင့်အလိုက် အာဏာများမည်ကဲ့သို့ ခွဲဝေကျင့်သုံးကြသည်၊ ဖက်ဒရယ်စနစ်ကို မည်ကဲ့သို့ကျင့်သုံးကြသည်ကို လေ့လာတင်ပြသွားပါမည်-

---

[၃၂] ဒီမိုကရေစီနိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဦးဗကြိုင်(B.A;B.L)၊SYT စာပေ၊ ပထမအကြိမ်ပုံနှိပ်ခြင်း၊ ၂၀၁၆ ခုနှစ်၊ စာ-၂၀၁၊၂၀၂ နှင့် ၂၀၃။

[၃၃] ၁၉၈၅ ခုနှစ်၊ တရားလွှတ်တော်ချုပ်အက်ဥပဒေ ပုဒ်မ ၅၃ (၁) တွင်ကြည့်ရှုနိုင်ပါသည်။ Canada's Court System ၊ ကနေဒါနိုင်ငံ၊ တရားရေးဝန်ကြီးဌာနမှထုတ်ဝေသည့် စာစောင်၊ ၂၀၀၅ ခုနှစ်၊ စာ-၇။(available at https://www.legal-tools.org/doc/175dcf ) တွင်ထပ်မံကြည့်ရှုနိုင်ပါသည်။

## (က) ဖက်ဒရယ်အဆင့်ဥပဒေပြုအာဏာ

ပါလီမန်သည်- ကုန်သွယ်ရေးနှင့်စီးပွားရေး၊ ငွေကြေးဆိုင်ရာကိစ္စများ၊ ပို့ဆောင်ဆက်သွယ်ရေးကိစ္စရပ်များ၊ လူဦးရေနှင့်သန်းခေါင်စာရင်းကိစ္စများ၊ နိုင်ငံတော်ကာကွယ်ရေး၊ ဖက်ဒရယ်အဆင့် အစိုးရအဖွဲ့အရာရှိများနှင့် အရပ်ဖက်အရာရှိများ၏ လစာနှင့်ထောက်ပံ့မှုကိစ္စများ၊ ပင်လယ်ရေကြောင်းသွားလာရေးကိစ္စများ၊ ကမ်းရိုးတန်းနှင့် ကုန်းတွင်းငါးဖမ်းအင်းဆိုင်ရာကိစ္စများ၊ ပြည်နယ်များနှင့်နိုင်ငံခြားတိုင်းပြည်များ သို့မဟုတ် ပြည်နယ်အချင်းချင်း ပို့ဆောင်ဆက်သွယ်ရေးကိစ္စများ၊ နိုင်ငံခြားရေးကိစ္စများနှင့် သံတမန်ဆက်ဆံရေး၊ နိုင်ငံခြားကုန်သွယ်ရေး၊ နိုင်ငံသားဖြစ်မှုနှင့်လူဝင်မှု ကြီးကြပ်ရေးဆိုင်ရာကိစ္စများ၊ ကုန်အမှတ်တံဆိပ်နှင့်မူပိုင်ခွင့်ဆိုင်ရာကိစ္စများ၊ တရားရုံးဖွဲ့စည်းပုံကိစ္စရပ်များမှတစ်ပါး ရာဇဝတ်ပြစ်မှုဆိုင်ရာဥပဒေများ စသည်တို့နှင့်စပ်လျဉ်း၍ ဖက်ဒရယ်အဆင့်ဥပဒေပြုရေးကို ဆောင်ရွက်နိုင်ပါသည်။[၃၄]

## (ခ) ပြည်နယ်အဆင့်ဥပဒေပြုအာဏာ

ပြည်နယ်လွှတ်တော်များသည်- ပြည်နယ်အတွင်း တိုက်ရိုက်အခွန်ကောက်ခံခြင်းဆိုင်ရာကိစ္စများ၊ ပြည်နယ်၏ မြီရှင်စာရင်းတစ်ခုတည်းအပေါ် ငွေချေးခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်နယ်အဆင့်အရာရှိများ၏သက်တမ်း၊ လစာနှင့်ထောက်ပံ့မှုဆိုင်ရာကိစ္စရပ်များ၊ ပြည်နယ်က ပိုင်ဆိုင်သော အများပြည်သူဆိုင်ရာမြေများနှင့်သစ်များကို စီမံခန့်ခွဲခြင်းနှင့် ရောင်းချခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်နယ်အတွင်းရှိ အများပြည်သူသုံးစွဲရန်နေရာများနှင့် လူငယ်စာရိတ္တပြုပြင်ရေးကျောင်းများ၊ ရေတပ်ဆိုင်ရာဆေးရုံများမှတစ်ပါး ပြည်နယ်တွင်းရှိ ဆေးရုံများ၊ စိတ္တဇဆေးရုံများ၊ပရဟိတအဖွဲ့များနှင့်စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများ တည်ထောင်ခြင်း၊ ထိန်းသိမ်းခြင်းနှင့်စီမံခန့်ခွဲခြင်းဆိုင်ရာကိစ္စရပ်များ၊ စည်ပင်သာယာရေးကိစ္စရပ်များ၊ ရေကြောင်း ပို့ဆောင်ရေး၊ မီးရထား၊ တူးမြောင်း၊ တယ်လီဂရပ်ဆိုင်ရာကိစ္စများမှတစ်ပါး အခြားဒေသတွင်း အလုပ်အကိုင်ဆိုင်ရာကိစ္စရပ်များ၊ ကုမ္ပဏီများနှင့်ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်နယ်တွင်း ထုံးတမ်းစဉ်လာအခမ်းအနားဖြင့်ထိမ်းမြားခြင်း၊ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အများပြည်သူ့ရပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များ၊ ပြည်နယ်တရားရုံးများ ဖွဲ့စည်းတည်ထောင်ခြင်းအပါအဝင် တရားစီရင်ရေးဆိုင်ရာ စီမံခန့်ခွဲခြင်း၊ ပြည်နယ်တွင်း ပြန်လည်ဖွံ့ဖြိုးမြဲမဟုတ်သော သဘာဝသယံဇာတတအရင်းအမြစ်များ၊ သစ်တောများ၊ လျှပ်စစ်စွမ်းအင်တို့ တူးဖော်ထုတ်လုပ်ခြင်း၊ ထိန်းသိမ်းခြင်း၊ တိုးတက်အောင်ပြုခြင်းနှင့်စီမံခန့်ခွဲခြင်း၊ သယံဇာတပို့ကုန်များ၊ သယံဇာတရင်းမြစ်များနှင့်စပ်လျဉ်း၍ အခွန်ကောက်ခံခြင်းနှင့် ပညာရေး စသည်တို့အတွက် ပြည်နယ်အဆင့် ဥပဒေပြုရေးကို ဆောင်ရွက်နိုင်ပါသည်။[၃၅] ကနေဒါနိုင်ငံ၏ ကုန်းတွင်းပိုင်း သယံဇာတရင်းမြစ်များဖြစ်သည့်

---

[၃၄] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၁ တွင်ကြည့်ရှုနိုင်ပါသည်။

[၃၅] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၂ နှင့် ၉၃ တို့တွင် ကြည့်ရှုနိုင်ပါသည်။

မြေယာ၊ သတ္တုနှင့်တွင်းထွက်ပစ္စည်းများ၊ သဘာဝဓါတ်ငွေ့ပိုင်ဆိုင်မှုကို ပြည်နယ်များထံ ပေးအပ်ထားပါသည်။[၃၆]

**(ဂ) ဖက်ဒရယ်နှင့်ပြည်နယ်အပြိုင်ရရှိသော ဥပဒေပြုအာဏာနှင့် ဗဟိုမှရယူထားသော ကြွင်းကျန်အာဏာများ**

ပြည်နယ်တစ်ခုချင်းစီသည် စိုက်ပျိုးရေးနှင့် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးကဏ္ဍတို့ အပေါ် ဥပဒေပြုပိုင်ခွင့်အာဏာရှိသကဲ့သို့ ပါလီမန်သည် ပြည်နယ်များ၏စိုက်ပျိုးရေးဆိုင်ရာ ကိစ္စရပ်များနှင့် ပြည်နယ်လူဝင်မှုကြီးကြပ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် အခါအားလျော်စွာ ဥပဒေများ ထုတ်ပြန်ကြေညာနိုင်ပြီး ယင်းဥပဒေများသည် သက်ဆိုင်ရာပြည်နယ်အလိုက် အာဏာသက်ရောက်မှုရှိပါသည်။[၃၇] ပြည်နယ်များ၏ ကြွင်းကျန်အာဏာများဖြစ်သော ရေတပ်ဆိုင်ရာဆေးရုံများတည်ဆောက်ခြင်းကိစ္စ၊ ပြည်နယ်တစ်ခုနှင့်တစ်ခုဖြစ်စေ၊ ပြည်နယ်နှင့် နိုင်ငံခြားတိုင်းပြည်ဖြစ်စေ ဆောင်ရွက်ရမည့် ရေကြောင်းပို့ဆောင်ရေး၊ မီးရထား၊ တူးမြောင်း၊ တယ်လီဂရပ်ဆိုင်ရာကိစ္စများ၊ ပြန်လည်ဖွံ့ဖြိုးမြဲဖြစ်သော သဘာဝသယံဇာတများ၊ သစ်တောများ၊ လျှပ်စစ်စွမ်းအင်များနှင့်စပ်လျဉ်းသည့်ကိစ္စများ၊ ပညာရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ဖက်ဒရယ်အဆင့်အစိုးရက ကြွင်းကျန်ဥပဒေပြုအာဏာရယူထားပါသည်။ ထို့ပြင် ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံ အခြေခံဥပဒေ အပိုဒ် ၉၄ တွင် ပါလီမန်သည် Ontario, Nova Scotia နှင့် New Brunswick ပြည်နယ်များရှိ ပစ္စည်းပိုင်ဆိုင်ခွင့်နှင့် အများပြည်သူရပိုင်ခွင့်ဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်း၊ တရားရုံးများ၏ လုပ်ထုံးလုပ်နည်းနှင့်စပ်လျဉ်း၍လည်းကောင်း၊ တစ်ပြေးညီဖြစ်သော ဥပဒေပြဋ္ဌာန်းချက်များကို ထုတ်ပြန်နိုင်ကြောင်း ပြဋ္ဌာန်းထားလျက် ကြွင်းကျန်အာဏာရယူထားပါသည်။

အထက်ပါလေ့လာတွေ့ရှိချက်များအရ ကနေဒါနိုင်ငံ၏ အခြေခံဥပဒေ အပိုဒ် ၁၀၉ ပါ ကုန်းတွင်းပိုင်းသယံဇာတရင်းမြစ်များနှင့် ပြန်လည်ပြည့်ဖြိုးမြဲမဟုတ်သည့် သဘာဝရင်းမြစ်များကို ပြည်နယ်များကပိုင်ဆိုင်ပြီး ရင်းမြစ်များစီမံခန့်ခွဲမှု၊ အခွန်ကောက်ခံမှုတို့ကိုလည်း ပြည်နယ်များက ဆောင်ရွက်ပိုင်ခွင့်ရှိကြောင်းတွေ့ရှိရပါသည်။ ကမ်းရိုးတမ်းနှင့်ကမ်းလွန် သယံဇာတရင်းမြစ်များကို ဖက်ဒရယ်အဆင့်ကပိုင်ဆိုင်ပြီး ကမ်းလွန်ရင်းမြစ်များစီမံခန့်ခွဲမှုကို ဗဟိုနှင့် ပြည်နယ် ပူးတွဲစီမံခန့်ခွဲကြောင်း၊ ကမ်းလွန်ရင်းမြစ်များနှင့်စပ်လျဉ်း၍ အခွန်ကောက်ခံပိုင်ခွင့်ကို ပြည်နယ်များသို့ တိုက်ရိုက်အပ်နှင်းထားကြောင်းတွေ့ရှိရပါသည်။

ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်သည် ပြည်နယ်များအား ကိုယ်ပိုင်အုပ်ချုပ်ခွင့်ပေးထားပြီး ဗဟိုချုပ်ကိုင်မှုစနစ်အနည်းငယ်ရှိကြောင်း တွေ့ရှိရသော်လည်း ပြည်နယ်များ၏အာဏာများကို ဗဟိုကတစ်ဖက်သတ်ရုပ်သိမ်း၍မရနိုင်ကြောင်း တွေ့ရပါသည်။ ကြွင်းကျန်အာဏာများကို

---

[၃၆] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၉ တွင် ကြည့်ရှုနိုင်ပါသည်။

[၃၇] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၅ တွင်ကြည့်ရှုနိုင်ပါသည်။

ဗဟိုအဆင့်ဖက်ဒရယ်အစိုးရကရယူထားပြီး အမေရိကန်တွင်မူ ကြွင်းကျန်အာဏာများကို ပြည်နယ်များသို့ ပေးအပ်ထားကြောင်းတွေ့ရပါသည်။ သို့ဖြစ်ပါ၍ ကနေဒါနိုင်ငံ၏ ဖက်ဒရယ် စနစ်သည် ကိုယ်ပိုင်အုပ်ချုပ်ရေး (Self–ruled) ပေးအပ်ရာတွင် ပိုမိုအားကောင်းပြီး မျှဝေ အုပ်ချုပ်ခြင်း (Share–ruled) စနစ်တွင် အနည်းငယ်သာကျင့်သုံးကြောင်း တွေ့ရှိရပါသည်။ အမေရိကန်ဖက်ဒရယ်စနစ်ကဲ့သို့ အတူယှဉ်တွဲတည်ဆောက်ရေးဖက်ဒရယ်စနစ် (Coming together) မဟုတ်ဘဲ အိန္ဒိယနိုင်ငံ၏ ဖက်ဒရယ်စနစ်ကဲ့သို့ အတူပေါင်းစည်းရေး ဖက်ဒရယ်စနစ် (Holding together) ဟုပင်ဆိုနိုင်ပါသည်။

ကနေဒါနိုင်ငံ၏အုပ်ချုပ်ရေးအဖွဲ့ဖွဲ့စည်းပုံ၊ ဥပဒေပြုလွှတ်တော်များဖွဲ့စည်းပုံနှင့်တရားရုံး များဖွဲ့စည်းပုံရုပ်ပုံကားချပ်ကို နောက်ဆက်တွဲ(က)၊(ခ)၊(ဂ) တို့ဖြင့် အသီးသီးတင်ပြအပ်ပါသည်။

## ၃–၄။ Rights (ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်အကာကွယ်ပေးသောမူလအခွင့်အရေးများ)

ကနေဒါနိုင်ငံဖွဲ့စည်းပုံအခြေခံ၏ ဒုတိယအပိုင်းဖြစ်သည့် Constitution Act, 1982 တွင် ကနေဒီးယန်းလွတ်လပ်ခွင့်နှင့် အခွင့်အရေးများ ပဋိညာဉ်စာတမ်း (Canadian Charter of Rights and Freedoms) နှင့် ကနေဒါ ရှေးဦးဌာနေတိုင်းရင်းသားများ (Aboriginal Peoples) ၏အခွင့်အရေးများကို အောက်ပါအတိုင်း အကာအကွယ်ပေးပြဋ္ဌာန်းထားပါသည်–

### (က) ကနေဒီးယန်းလွတ်လပ်ခွင့်နှင့် အခွင့်အရေးများ ပဋိညာဉ်စာတမ်း

ကနေဒါနိုင်ငံသားအားလုံးသည် အခြေခံအခွင့်အရေးများဖြစ်သောလွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့်၊ တွေးခေါ်ခွင့်၊ ထင်မြင်ယူဆခွင့်၊ ထုတ်ဖော်ပြသခွင့်၊ ငြိမ်းချမ်းစွာစုဝေးခွင့်နှင့် အသင်းအဖွဲ့များဖွဲ့စည်းခွင့်တို့ရရှိပါသည်။[၃၈] ဒီမိုကရေစီဆိုင်ရာအခွင့်အရေးဖြစ်သော လွတ်လပ် စွာဆန္ဒမဲပေးပိုင်ခွင့်[၃၉]၊ ရွှေ့ပြောင်းသွားလာခွင့်ဆိုင်ရာ အခွင့်အရေးများဖြစ်သော ကနေဒါနိုင်ငံ သို့ဝင်ရောက်ခွင့်၊ ကနေဒါနိုင်ငံမှ ထွက်ခွာခွင့်၊ ဥပဒေနှင့်အညီ အမြဲတမ်းအခြေချနေထိုင်ခွင့် တို့ရရှိပါသည်။[၄၀] ဥပဒေရေးရာအခွင့်အရေးများဖြစ်သော အသက်ရှင်နေထိုင်ခွင့်၊ လူပုဂ္ဂိုလ် ဆိုင်ရာလွတ်လပ်ခွင့်နှင့်လုံခြုံခွင့် ဥပဒေအရမဟုတ်သောဖမ်းဆီးခြင်းမှ ကာကွယ်ပိုင်ခွင့်၊ အာဏာအလွဲသုံး၍ အကျဉ်းချခံရခြင်း၊ ဖမ်းဆီးခံရခြင်းမှ ကာကွယ်ပိုင်ခွင့်၊[၄၁] စသည်တို့ကို ပိုမိုအသေးစိတ်ပြဋ္ဌာန်းထားသည်ကိုတွေ့ရှိရပါသည်။ တန်းတူညီမျှမှုအခွင့်အရေးများတွင် လူမျိုး၊ နိုင်ငံသား၊ တိုင်းရင်းသားမျိုးနွယ်စု၊ အသားအရောင်၊ ကိုးကွယ်သည့်ဘာသာ၊ ကျား/မ၊ အသက် အရွယ်၊ စိတ်ပိုင်း သို့မဟုတ် ရုပ်ပိုင်ဆိုင်ရာမသန်စွမ်းမှုတို့အား ခွဲခြားဆက်ဆံခြင်းမပြုဘဲ တရား ဥပဒေအရ တန်းတူညီမျှမှုရှိခွင့်၊ ဥပဒေနှင့်အညီခုခံချေပခွင့်နှင့်အကာအကွယ်ရယူခွင့်၊ ဥပဒေ၏

---

[၃၈] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂ တွင်ကြည့်ရှုနိုင်ပါသည်။

[၃၉] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃ တွင်ကြည့်ရှုနိုင်ပါသည်။

[၄၀] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၆ တွင်ကြည့်ရှုနိုင်ပါသည်။

[၄၁] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၇ မှ ၁၄ အထိကြည့်ရှုနိုင်ပါသည်။

အကျိုးကျေးဇူးများခံစားပိုင်ခွင့်တို့ ရရှိပါသည်။[၆၂] လူနည်းစုဘာသာစကားဖြင့် ပညာသင်ကြား ခွင့်ကိုလည်း အခြေခံဥပဒေ အပိုဒ် ၂၃ တွင်ထည့်သွင်းပြဋ္ဌာန်းပေးထားကြောင်း တွေ့ရှိရပါသည်။

အထက်ပါ ပဋိညာဉ်စာတမ်းရှိ အခွင့်အရေးများနှင့် လွတ်လပ်ခွင့်များဆိုင်ရာအာမခံချက် များကို ကနေဒါနိုင်ငံ၏ ရှေးဦးဌာနေတိုင်းရင်းသားမျိုးနွယ်စုများနှင့် ဆက်စပ်သော ရှေးတိုင်း ရင်းသားဆိုင်ရာ သဘောတူညီချက်ဖြစ်သည့် ၁၇၆၃ ခုနှစ် တော်ဝင်ကြေညာချက် သို့မဟုတ် အခြားသောအခွင့်အရေးများ၊ လွတ်လပ်ခွင့်များဖြစ်သည့် တည်ဆဲမြေယာဆိုင်ရာ သဘောတူညီ ချက်များ သို့မဟုတ် အသစ်ထပ်မံလျှောက်ထားနိုင်သော သဘောတူညီချက်များ စသည်တို့ကို ပျက်ပြယ်စေခြင်း သို့မဟုတ် ယုတ်လျော့စေခြင်းဖြစ်စေမည့် အဓိပ္ပာယ်ဖွင့်ဆိုမှုများ မပြုလုပ်ရ ဟု ပုဒ်မ ၂၅ တွင်ဖော်ပြထားပါသည်။

### (ခ) ကနေဒါ ရှေးဦးဌာနေတိုင်းရင်းသားများ၏အခွင့်အရေးများ

ကနေဒါနိုင်ငံ၏ ရှေးဦးဌာနေတိုင်းရင်းသားများတွင် အင်ဒီးယန်း (Indian) မျိုးနွယ်၊ အီနွတ် (Inuit) မျိုးနွယ် နှင့် မဲတစ် (Metis) မျိုးနွယ်များပါဝင်ပါသည်။ ရှေးဦးဌာနေတိုင်းရင်း သားများသည် တည်ဆဲမြေယာရရှိရေးနှင့် မြေယာအသစ်ထပ်မံလျှောက်ထားခွင့်ရှိရေးတို့ အတွက် သဘောတူစာချုပ်များချုပ်ဆိုခွင့်ရှိပါသည်။ ရှေးဦးဌာနေတိုင်းရင်းသားများဆိုင်ရာ အခွင့်အရေးများနှင့် သဘောတူညီချက်များအား ကျား/မ ခွဲခြားခြင်းမရှိဘဲ တန်းတူညီမျှစွာရပိုင် ခွင့်ရှိစေရန် အာမခံချက်များပေးထားပါသည်။ ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ညီလာခံ (Constitutional Conferrence) တွင် ရှေးဦးဌာနေတိုင်းရင်းသားများကို တက်ရောက် စေရန် ဥပဒေပြဋ္ဌာန်းချက်ဖြင့် ကတိကဝတ်ပြုထားပါသည်။ ဖွဲ့စည်းပုံအခြေခံဥပဒေညီလာခံတွင် ပြင်ဆင်ရန်အဆိုပြုချက်နှင့် စပ်လျဉ်း၍ ကနေဒါဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများက စုံညီအစည်းအဝေးခေါ်ယူရာတွင် ရှေးဦးဌာနေတိုင်းရင်းသားမျိုးနွယ်စု ကိုယ်စားလှယ်များကို တက်ရောက်ရန်ဖိတ်ကြားရပါသည်။[၆၃]

## ၃-၅။ Reform (ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ခြင်းဆိုင်ရာပြဋ္ဌာန်းချက်များ)

ကနေဒါနိုင်ငံ၏ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အတွက် အောက်လွှတ်တော် (the House of Commons) တွင်ဖြစ်စေ၊ အထက်လွှတ်တော် (Upper House) တွင်ဖြစ်စေ၊ ပြည်နယ်လွှတ်တော်တစ်ရပ်ရပ် (Legislative Assembly of Province) တွင်ဖြစ်စေ စတင်အဆိုပြု နိုင်ပါသည်။[၆၄] ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ရန်အတွက် ယေဘုယျလုပ်ထုံးလုပ်နည်းဖြင့် ပြင်ဆင်ခြင်း (General Procedure for Amending Constitution)၊ တစ်ညီတစ်ညွတ်တည်း သောသဘောဆန္ဒဖြင့်ပြင်ဆင်ခြင်း(Amendment by Unanimous Consent)နှင့် ပါလီမန်က

---

[၆၂] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၅ တွင်ကြည့်ရှုနိုင်ပါသည်။

[၆၃] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၅ တွင်ကြည့်ရှုနိုင်ပါသည်။

[၆၄] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၆ တွင်ကြည့်ရှုနိုင်ပါသည်။

ဖြစ်စေ၊ပြည်နယ်လွှတ်တော်များကဖြစ်စေ သီးသန့်ပြင်ဆင်ခြင်း (Amendment by Parliament and Amendment by Provincial Legislature) စသည့် နည်းလမ်း (၃) မျိုးဖြင့် ပြင်ဆင်နိုင်ကြောင်းတွေ့ရှိရပါသည်-

**(က) ယေဘုယျလုပ်ထုံးလုပ်နည်း ဖြင့်ပြင်ဆင်ခြင်း**

အောက်ဖော်ပြပါ ကိစ္စရပ်များနှင့်စပ်လျဥ်း၍ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်လိုပါက ယေဘုယျလုပ်ထုံးလုပ်နည်းဖြင့် ပြင်ဆင်ရပါသည်-

(၁) အောက်လွှတ်တော်တွင် အချိုးကျကိုယ်စားပြုစည်းမျဉ်း (the Principle of Proportionate Representation) ကို ကျင့်သုံးမည့်ကိစ္စ၊

(၂) အထက်လွှတ်တော်၏ လုပ်ပိုင်ခွင့်အာဏာနှင့် လွှတ်တော်ကိုယ်စားလှယ်များ ရွေးချယ်ခြင်းနည်းလမ်း၊

(၃) အထက်လွှတ်တော်တွင် ပြည်နယ်များအတွက် ကိုယ်စားပြုသည့် လွှတ်တော်ကိုယ်စားလှယ် အရေအတွက်ဆိုင်ရာကိစ္စနှင့် လွှတ်တော်ကိုယ်စားလှယ်များ၏ အမြဲတမ်းအခြေချနေထိုင်မှုဆိုင်ရာအရည်အချင်း၊

(၄) ကနေဒါတရားလွှတ်တော်ချုပ်၏ ဖွဲ့စည်းပုံမှလွဲ၍ တရားလွှတ်တော်ချုပ်နှင့် စပ်လျဉ်းသည့် အခြားပြဋ္ဌာန်းချက်များ၊

(၅) တည်ဆဲပြည်နယ်များကို နယ်မြေများအဖြစ်တိုးချဲ့ခြင်း၊

(၆) ပြည်နယ်သစ်များတည်ထောင်ခြင်း။[၄၅]

ယေဘုယျလုပ်ထုံးလုပ်နည်းဖြင့် ပြင်ဆင်သည့်အခါတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန် အဆိုပြုသည့်ပြဋ္ဌာန်းချက်များကို -

(က) အထက်လွှတ်တော်နှင့် အောက်လွှတ်တော်တို့၏ သဘောတူညီကြောင်း ဆုံးဖြတ်ချက် နှင့်

(ခ) ပြင်ဆင်ရန် အဆိုပြုသည့်အချိန်၌ရှိသည့် နောက်ဆုံးရလူဦးရေစာရင်းအရ ပြည်နယ်အားလုံးရှိ စုစုပေါင်းလူဦးရေ၏ အနည်းဆုံး ၅၀% သောလူဦးရေရှိပြီးဖြစ်သော အနည်းဆုံး သုံးပုံနှစ်ပုံသော ပြည်နယ်လွှတ်တော်တို့၏ သဘောတူညီကြောင်းဆုံးဖြတ်ချက်ရရှိမှသာ ပြင်ဆင်နိုင်ပြီး ပြင်ဆင်ချက်ကို ဘုရင်ခံချုပ် က လက်မှတ်ရေးထိုး ထုတ်ပြန်ကြေညာရပါသည်။[၄၆]

---

[၄၅] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၂ တွင်ကြည့်ရှုနိုင်ပါသည်။

[၄၆] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၈ (၁) တွင်ကြည့်ရှုနိုင်ပါသည်။

## (ခ) တစ်ညီတစ်ညွတ်တည်းသောသဘောဆန္ဒဖြင့်ပြင်ဆင်ခြင်း

အောက်ဖော်ပြပါကိစ္စရပ်များနှင့်စပ်လျဉ်း၍ အခြေခံဥပဒေပြင်ဆင်ချက် ပြုလုပ်လိုပါလျှင် အထက်လွှတ်တော်၊ အောက်လွှတ်တော် နှင့် ပြည်နယ်တိုင်းရှိ လွှတ်တော်အသီးသီး၏ တစ်ညီတစ်ညွတ်တည်းသော သဘောတူဆန္ဒရရှိရန် လိုအပ်ပါသည်-

(၁) ဘုရင်မ၊ ဘုရင်ခံချုပ်နှင့် ပြည်နယ်ဘုရင်ခံတို့၏ ရုံးများ၊

(၂) ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအာဏာသက်ဝင်သည့်အချိန်၌ ပြည်နယ်တစ်ခုကိုကိုယ်စားပြုခွင့်ရှိသော အထက်လွှတ်တော်ကိုယ်စားလှယ် အရေအတွက်အောက်မနည်းစေသည့်အောက်လွှတ်တော်ကိုယ်စားလှယ်အရေအတွက် ခန့်အပ်ရန်ပြည်နယ်များ၏ အခွင့်အရေး၊

(၃) အထက်လွှတ်တော်၊ အောက်လွှတ်တော်နှင့် သက်ဆိုင်ရာပြည်နယ်၏ သဘောတူညီမှုကိုရယူ၍ အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားအသုံးပြုမှုဆိုင်ရာကိစ္စ၊

(၄) ကနေဒါနိုင်ငံတရားလွှတ်တော်ချုပ်၏ ဖွဲ့စည်းပုံ၊

(၅) ၁၉၈၂ခုနှစ်အခြေခံဥပဒေအပိုင်းကိုပြင်ဆင်ရန်ကိစ္စ။[၄၇]

ပြည်နယ်များကြားရှိ နယ်နိမိတ်ပြောင်းလဲခြင်းဆိုင်ရာကိစ္စရပ်များ၊ ပြည်နယ်အတွင်း အင်္ဂလိပ်နှင့် ပြင်သစ်ဘာသာစကားအသုံးပြုမှုနှင့်စပ်လျဉ်း၍ ပြင်ဆင်သည့်ကိစ္စများတွင် အထက်လွှတ်တော်၊ အောက်လွှတ်တော်နှင့် သက်ဆိုင်ရာပြည်နယ်၏ သဘောတူညီမှုရရှိရန် လိုအပ်ပါသည်။[၄၈]

ပြင်ဆင်ချက်သည် ပြည်နယ်တစ်ခု၏ ဥပဒေပြုရေးအာဏာ၊ အစိုးရ သို့မဟုတ် လွှတ်တော်၏ ပိုင်ဆိုင်မှုဆိုင်ရာအခွင့်အရေး သို့မဟုတ် အခြားအခွင့်အရေး သို့မဟုတ် အထူးအခွင့်အရေးတစ်ရပ်ရပ်နှင့်စပ်လျဉ်း၍ ယုတ်လျော့စေပါက ထိုပြင်ဆင်ချက်အတွက် အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ရှိ သက်ဆိုင်ရာပြည်နယ်ကိုယ်စားပြု လွှတ်တော်အမတ်များ၏များရာမဲဆန္ဒဖြင့်လည်းကောင်း၊ယင်းပြည်နယ်ရှိလွှတ်တော်၏များရာမဲဆန္ဒဖြင့်လည်းကောင်း ပြင်ဆင်ရန်လိုအပ်ပါသည်။ ပြင်ဆင်ချက်ကို သဘောမတူပါက သက်ဆိုင်ရာ ပြည်နယ်အနေဖြင့် သဘောမတူကြောင်း ဆုံးဖြတ်ချက်နှင့်အတူ ဖော်ပြနိုင်ပါသည်။ ထိုအခါ ပြင်ဆင်ချက်သည် သဘောမတူသောပြည်နယ်အတွက် အာဏာသက်ရောက်မှုမရှိကြောင်း သိရှိရပါသည်။[၄၉]

အခြေခံဥပဒေပြင်ဆင်ချက်အပေါ် ပြည်နယ်တစ်ခုစီ၏ လွှတ်တော်များက သဘောတူသည် သို့မဟုတ် သဘောထားကွဲလွဲသည်ဟုဦးစွာဆုံးဖြတ်ချက်ချမှတ်ခြင်းမရှိပါက ပြင်ဆင်ချက်ကို တစ်နှစ်အထိ ကြေညာချက်ထုတ်ပြန်ခြင်းမပြုရပါ။ အပြန်အလှန်အားဖြင့် အခြေခံဥပဒေ

[၄၇] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၁ တွင်ကြည့်ရှုနိုင်ပါသည်။

[၄၈] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၃ တွင်ကြည့်ရှုနိုင်ပါသည်။

[၄၉] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၈ (၂) နှင့် ၃၈(၃) တွင်ကြည့်ရှုနိုင်ပါသည်။

ပြင်ဆင်ချက်ကို ပြင်ဆင်ရန်စတင်အဆိုပြုပြီးနောက် ဆုံးဖြတ်ချက်ချမှတ်ပြီးသည့်အထိ လုပ်ငန်းစဉ်အားလုံး ဆောင်ရွက်ပြီးသည့်နောက် သုံးနှစ်အတွင်း ကြေညာချက်ထုတ်ပြန်ရပါသည်။ သုံးနှစ်ကျော်ပြီးနောက် ထုတ်ပြန်ကြေညာခြင်းမပြုရပါ။[၅၀]

ပြည်နယ်ဥပဒေပြုလွှတ်တော်၏ ဥပဒေပြုအာဏာများအနက် ပညာရေး သို့မဟုတ် ယဉ်ကျေးမှုနှင့်ဆိုင်သော ဥပဒေပြုအာဏာတစ်ရပ်ရပ်ကို အခြေခံဥပဒေပြင်ဆင်ချက်ဖြင့် ပါလီမန်သို့လွှဲပြောင်းပေးရသည့် ကိစ္စရပ်များတွင် ထိုဥပဒေပြုအာဏာကိုအသုံးမပြုရတော့သော ပြည်နယ်အတွက် သင့်လျော်သော လျော်ကြေးကိုထောက်ပံ့ပေးရပါသည်။[၅၁]

## (ဂ) ပါလီမန်ကဖြစ်စေ၊ ပြည်နယ်လွှတ်တော်များကဖြစ်စေအထူးသီးသန့်ပြင်ဆင်ခြင်း

ပါလီမန်သည် အထက်တွင်ဖော်ပြထားသော အခြေခံဥပဒေ အပိုဒ် ၄၁ နှင့် ၄၂ ပါကိစ္စရပ်များမှလွဲ၍ ကနေဒါနိုင်ငံ၏အုပ်ချုပ်ရေးအဖွဲ့၊ အထက်လွှတ်တော်၊ အောက်လွှတ်တော်တို့နှင့်စပ်လျဉ်းသည့် အခြားပြင်ဆင်ချက်များကို အထူးသီးသန့်ပြင်ဆင်နိုင်ပါသည်။[၅၂]

ဖွဲ့စည်းပုံအအခြေခံဥပဒေ အပိုဒ် ၄၁ နှင့် မဆန့်ကျင်စေဘဲ ပြည်နယ်များ၏ ဖွဲ့စည်းပုံအခြေခံဥပဒေပြင်ဆင်ရန်ကိစ္စနှင့်စပ်လျဉ်း၍ ယင်းသက်ဆိုင်ရာပြည်နယ်က အထူးသီးသန့်ပြင်ဆင်နိုင်ပါသည်။[၅၃]

## ၃-၆။ Recognition (ကိုယ်ပိုင်လက္ခဏာအသိအမှတ်ပြုခံရမှု)

ဤအပိုင်းတွင် ကနေဒါနိုင်ငံရှိ ဖက်ဒရယ်စနစ်တွင် ပြည်နယ်များအနေဖြင့် ကိုယ်ပိုင်လက္ခဏာအသိအမှတ်ပြုခံရမှုအဆင့်အတန်း မည်မျှရရှိသည်ကို ဆန်းစစ်လေ့လာသွားပါမည်။ ကနေဒါနိုင်ငံရှိ ပြည်နယ်အသီးသီးသည် တိုင်းရင်းသားလူမျိုးရေးရာ၊ ယဉ်ကျေးမှုနှင့် ပညာရေး၊ ဘာသာစကားရေးရာအပါအဝင် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်တို့တွင် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိကြပြီး-

(က) ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၉၂၊ ၉၃ အရ ဥပဒေပြုပိုင်ခွင့်အာဏာနှင့် အပိုဒ် ၁၀၉ ပါ ပြည်နယ်များ၏ပိုင်ဆိုင်မှုကို အာမခံပြဋ္ဌာန်းထားခြင်း၊

(ခ) ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၂၃ တွင် လူနည်းစုဘာသာစကားဖြင့် ပညာသင်ကြားပိုင်ခွင့်ကိုပြဋ္ဌာန်းပေးထားခြင်း၊

(ဂ) ရှေးဦးဌာနေ တိုင်းရင်းသားများ၏ဥပဒေအရအခွင့်အရေးများနှင့် သမိုင်းအရရရှိပြီးဖြစ်သော အခွင့်အရေးများကို သီးခြားပြဋ္ဌာန်း၍အာမခံချက်ပေးထားခြင်း၊

---

[၅၀] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၃၉ (၁) နှင့် ၃၉(၂) တွင်ကြည့်ရှုနိုင်ပါသည်။

[၅၁] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၀ တွင်ကြည့်ရှုနိုင်ပါသည်။

[၅၂] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၄ တွင်ကြည့်ရှုနိုင်ပါသည်။

[၅၃] ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၅ တွင်ကြည့်ရှုနိုင်ပါသည်။

(ဃ) ပြည်ထောင်စု၏ တစ်စုတစ်စည်းတည်းသောရန်ပုံငွေ[၃၄] ထူထောင်ထားရှိသကဲ့သို့ ပြည်နယ်တစ်ခုချင်းစီသည်လည်း ပြည်နယ်၏ တစ်စုတစ်စည်းတည်းသော ရန်ပုံငွေထူထောင်ထားရှိနိုင်ခြင်း[၃၅]

(င) အခြေခံဥပဒေပြင်ဆင်ရန် ပြည်နယ်လွှတ်တော်များ၌ စတင်အဆိုပြုနိုင်ခြင်း၊

(စ) အခြေခံဥပဒေပြင်ဆင်ချက်နှင့်စပ်လျဉ်း၍ ပြည်နယ်အနေဖြင့် သဘောတူကြောင်း သို့မဟုတ် သဘောထားကွဲလွဲကြောင်း ဖော်ပြနိုင်ခြင်း၊

(ဆ) ပြည်နယ်၏ ပညာရေးနှင့်ယဉ်ကျေးမှုဆိုင်ရာဥပဒေပြုအာဏာကို ပါလီမန်သို့ လွှဲပြောင်းပေးရပါက လျော်ကြေးရထိုက်ခွင့်ရှိခြင်း၊

(ဇ) ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၄၁ နှင့်အညီ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို အထူးသီးသန့်ပြင်ဆင်ခွင့်ရှိခြင်း နှင့်

(ဈ) ပြည်နယ်တွင်းရုံးသုံးဘာသာစကားအသုံးပြုမှုဆိုင်ရာပြင်ဆင်ရန်ကိစ္စများတွင် ပြည်နယ်၏ သဘောတူညီချက်ရရှိရန်လိုအပ်ခြင်း၊

စသည့်အချက်များကို သုံးသပ်ခြင်းအားဖြင့် ပြည်နယ်များအား ဖက်ဒရယ်ဖွဲ့စည်းပုံအခြေခံဖြင့် ကိုယ်ပိုင်လက္ခဏာရရှိမှုအဆင့်အတန်းကို မြင့်မားစွာပေးအပ်ထားကြောင်း တွေ့ရှိရပါသည်။

## ၃-၇။ Roadmap (ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်များ)

ဗြိတိသျှကိုလိုနီလက်အောက်မှ British North America Act, 1867 ဖြင့် ဒိုမီနီယံနိုင်ငံအဖြစ်တည်ထောင်သည့်အချိန်၌ ယင်းအချိန်ကာလနှင့် အခြေအနေအတွက် ကူးပြောင်းရေးကာလဆိုင်ရာ ပြဋ္ဌာန်းချက်များအဖြစ် ကိုလိုနီခေတ်ကပြဋ္ဌာန်းခဲ့သော တည်ဆဲဥပဒေများ ဆက်လက်တည်ရှိခြင်း၊တရားရုံးများ၊ အရာရှိများဆက်လက်တာဝန်ထမ်းဆောင်စေခြင်း၊ အရာရှိအသစ်များ ခန့်အပ်ခြင်း၊ ဗြိတိသျှအင်ပါယာ၏အစိတ်အပိုင်းအဖြစ် ကနေဒါနိုင်ငံ အစိုးရနှင့်ပြည်နယ်အစိုးရများသည် နိုင်ငံခြားတိုင်းပြည်များနှင့် သဘောတူညီချက်စာချုပ်များ ချုပ်ဆိုရန်တာဝန်ရှိခြင်း၊ အင်္ဂလိပ်နှင့်ပြင်သစ်ဘာသာစကားကို ရုံးသုံးဘာသာစကားအဖြစ် ဆက်လက်အသုံးပြုခြင်း၊ အထက်ကနေဒါကို Ontario ဟုလည်းကောင်း၊ အောက်ကနေဒါကို Quebec ဟု လည်းကောင်း ပြောင်းလဲသတ်မှတ်ခြင်း၊ ပြည်ထောင်စု (Union) အဖြစ်ကြေညာခြင်းမပြုမီက ရှိခဲ့သည့် ကြေညာချက်များ ဆက်လက်အာဏာသက်ဝင်ခြင်း၊ အခြားကိုလိုနီနယ်မြေဖြစ်သည့် Newfoundland ကို ပြည်ထောင်စုတွင်းသွတ်သွင်းခြင်းစသည်တို့ကို ထည့်သွင်းပြဋ္ဌာန်းထားကြောင်းတွေ့ရှိရပါသည်။

---

[၃၄] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၀၂ တွင်ကြည့်ရှုနိုင်ပါသည်။

[၃၅] ၁၈၆၇ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေ အပိုဒ် ၁၂၆ တွင်ကြည့်ရှုနိုင်ပါသည်။

*(ဤနေရာတွင် စကားချပ်အနေဖြင့် မြန်မာနိုင်ငံ၏ လွတ်လပ်သောနိုင်ငံအဖြစ် ထူထောင်စဉ်ကာလ၌ ကျင့်သုံးခဲ့သည့် ကူးပြောင်းရေးကာလပြဋ္ဌာန်းချက်ကို တင်ပြလိုပါသည်။ မြန်မာနိုင်ငံအား Government of Burma Act, 1935 ဖြင့် ၁၉၃၇ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့မှစ၍ သီးခြားအုပ်ချုပ်နေစဉ်ကာလအတွင်း ဂျပန်တို့၏ အကူအညီဖြင့် ဗြိတိသျှတို့အား မြန်မာနိုင်ငံမှ တိုက်ထုတ်နိုင်ခဲ့ကာ ဂျပန်တို့က မြန်မာနိုင်ငံအား ရွှေရည်စိမ်လွတ်လပ်ရေးပေး၍ ၁၉၄၃ ခုနှစ်၊ ဩဂုတ်လ ၁ ရက်နေ့တွင် ဗမာနိုင်ငံတော်အုပ်ချုပ်ရေးစည်းမျဉ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းခဲ့သည်။ မြန်မာတို့သည် အင်္ဂလိပ်၏အကူအညီဖြင့် ဖက်ဆစ်ဂျပန်များကို မြန်မာ့မြေပေါ်မှ အပြီးတိုင်တိုက်ထုတ်နိုင်ခဲ့ပြီးနောက် ဒုတိယကမ္ဘာစစ်အပြီးတွင် ဗြိတိသျှမဟာမိတ်တပ်များ မြန်မာနိုင်ငံသို့ထပ်မံဝင်ရောက်လာပြန်သဖြင့် Government of Burma Act, 1935 ၏ အခန်းကဏ္ဍသည် မြန်မာနိုင်ငံအတွက် ထပ်မံပေါ်ပေါက်လာပြန်သည်။ သို့ရာတွင် ဗြိတိသျှတို့က Government of Burma Act, 1935 ဖြင့် ပြန်လည်အုပ်ချုပ်ခြင်း မပြုလိုဘဲ ယင်းထက် အုပ်ချုပ်ရေးအဆင့်အတန်းများစွာ နိမ့်ကျသော ဆင်းမလားစက္ကူဖြူစာတမ်းပါ အုပ်ချုပ်ရေးမျိုးသာပေးခဲ့သဖြင့် ဆန့်ကျင်တော်လှန်မှုများစွာပေါ်ပေါက်ခဲ့သည်။ ၁၉၄၇ ခုနှစ်၊ ဇန်နဝါရီလ ၁၃ ရက်နေ့တွင် လွတ်လပ်ရေးအတွက် လန်ဒန်မြို့၌ ဆွေးနွေးခဲ့စဉ်က မြန်မာနိုင်ငံအနေဖြင့် ဗြိတိသျှဓနသဟာယအဖွဲ့ဝင်နိုင်ငံအဖြစ် မဝင်လိုကြောင်း၊ ဒိုမီနီယံအဆင့်အုပ်ချုပ်ရေးကိုလိုလားသည်မဟုတ်ဘဲ လုံးဝလွတ်လပ်၍ အချုပ်အခြာအာဏာပိုင်ဆိုင်မှုကိုသာ လိုလားကြောင်း တိုင်းရင်းသားလူမျိုးစုအားလုံး တောင်တန်းဒေသများအားလုံးပါဝင်သည့် လွတ်လပ်ရေးကိုသာ လိုလားကြောင်း၊ Government of Burma Act, 1935 ကိုပြန်လည်အသုံးပြုဘဲ ကိုယ်ပိုင်အဆုံးအဖြတ်ပြုနိုင်မည့်အခြေခံဥပဒေတစ်ရပ်ကိုသာ ရေးဆွဲမည်ဖြစ်ကြောင်း ပြောကြားခဲ့သည်။*

*သို့ရာတွင် အဆိုပါကူးပြောင်းရေးကာလအတွင်း၌ Government of Burma Act, 1935 ၏ အပိုဒ် ၁၃၉ ကို အသုံးပြု၍ ဘုရင်ခံအမှုဆောင်ကောင်စီကို ကြားဖြတ်အစိုးရအဖြစ်ထားရှိကာ တိုင်းပြည်ပြုလွှတ်တော်ဖွဲ့စည်းရန် အောင်ဆန်း-အက်တလီစာချုပ်တွင် သဘောတူခဲ့ကြသည်။ ထို့နောက် တိုင်းပြည်ပြုလွှတ်တော်၏ (၁၁၁) ဦးပါ ကော်မတီက ၁၉၄၇ ခုနှစ်၊ ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေကိုရေးဆွဲခဲ့ကာလုံးဝလွတ်လပ်၍အချုပ်အခြာအာဏာပိုင်ဆိုင်သော ပြည်ထောင်စုမြန်မာနိုင်ငံတော်အဖြစ် တည်ထောင်နိုင်ခဲ့ခြင်းဖြစ်ပါကြောင်း*[၁၆] *သမိုင်းအချက်အလက် ဆက်စပ်မိစေရန်ရည်ရွယ်၍ တင်ပြအပ်ပါသည်။)*

## ၄။ ဖက်ဒရယ်စနစ်တွင် တရားစီရင်ရေး၏အရေးပါမှုအား စီရင်ထုံးဖြင့်လေ့လာတင်ပြခြင်း

ဖက်ဒရယ်စနစ်ကျင့်သုံးသော ကနေဒါနိုင်ငံတွင် အစိုးရအဆင့်များအကြား အခြေခံဥပဒေဆိုင်ရာ အငြင်းပွားမှုများ၊ ပွတ်တိုက်မှုများမှာ မကြာခဏပေါ်ပေါက်လေ့ရှိပြီး တရား

---

[၁၆] Maung Maung, Burma's Constitution, 2nd edn, Revised and Enlarged, The Hague Martinus Nijhoff, 1961 စာအုပ်မှ ကောက်နုတ်၍ အကျဉ်းချုပ်ဖော်ပြချက်ဖြစ်ပါသည်။

လွှတ်တော်ချုပ်သည် ဖွဲ့စည်းပုံအခြေခံဥပဒေကို အနက်အဓိပ္ပာယ်ဖွင့်ဆိုခြင်း၊ လွှတ်တော်အသီးသီးမှပြဋ္ဌာန်းသော ဥပဒေများနှင့် အစိုးရအသီးသီးတို့၏ လုပ်ပိုင်ခွင့်အာဏာများသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်း ရှိ မရှိကို ဆုံးဖြတ်နိုင်သည့် ရမြဲစီရင်ပိုင်ခွင့် (Inherent Power) အာဏာကျင့်သုံးနိုင်သော တစ်ခုတည်းသောအဖွဲ့အစည်းဖြစ်ပါသည်။ ထို့ကြောင့်ပင် တရားလွှတ်တော်ချုပ်သည် ဖက်ဒရယ်အဆင့်အစိုးရနှင့် ပြည်နယ်အဆင့်အစိုးရတို့အကြား အာဏာမျှခြေ (Balance of Power) ကို ထိန်းညှိရာ၌လည်းကောင်း၊ ကနေဒါနိုင်ငံ၏ ဖက်ဒရယ်စနစ်ကို ထိန်းသိမ်းရာ၌လည်းကောင်း အရေးပါသောတရားစီရင်ရေးမဏ္ဍိုင်ဖြစ်ကြောင်း ထင်ရှားသော စီရင်ထုံးတစ်ခုဖြစ်သည့် ကွီဘက်ပြည်နယ်ခွဲထွက်ရေးဆိုင်ရာလွှဲအပ်မှု (Reference Re Secession of Quebec)[၅၇] တွင်တွေ့ရှိနိုင်ပါသည်–

**အမှုအကြောင်းအရာ**

၁၉၈၀ ခုနှစ်တွင် ကွီဘက်ပြည်နယ်၌ PQ ပါတီအနိုင်ရရှိခဲ့ပြီး ပြည်နယ်အစိုးရကို ယင်းပါတီက ဦးဆောင်နေချိန်၌ ကွီဘက်ပြည်နယ်အား ကနေဒါပြည်ထောင်စုမှ သီးခြားခွဲထွက်နိုင်ရေးအတွက်အဆိုပြုညှိနှိုင်းမှုများပြုလုပ်ခဲ့ရာ လူထုဆန္ဒခံယူပွဲတွင် မဲဆန္ဒ ၄၀% သာရရှိခဲ့ပြီး ခွဲထွက်ရေးမအောင်မြင်ခဲ့ပေ။ ၁၉၈၂ ခုနှစ်တွင် ကနေဒီးယန်း လွတ်လပ်ခွင့်နှင့် အခွင့်အရေးများပဋိညာဉ်စာတမ်းကို ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ထည့်သွင်းရန် နှင့် ၁၉၈၂ ခုနှစ်ပြင်ဆင်ချက်အားလုံးအတွက် ကွီဘက်ပြည်နယ်အစိုးရက သဘောမတူကြောင်း ဖော်ပြခဲ့ကာ ထိုအခြေခံဥပဒေအပိုင်းအားကွီဘက်ပြည်နယ်က (ယခုထိတိုင်)လက်ခံကျင့်သုံးခြင်း မပြုခဲ့ပေ။

**မေးခွန်းပြဿနာများ**

၁၉၉၄ ခုနှစ်တွင် PQ ပါတီထပ်မံအနိုင်ရရှိခဲ့ပြီးနောက် ၁၉၉၅ ခုနှစ်တွင် ကွီဘက်ပြည်နယ်ခွဲထွက်ရေးအတွက် ထပ်မံ၍လူထုဆန္ဒခံယူပွဲကျင်းပခဲ့ပြန်သည်။ ခွဲထွက်လိုသူ မဲအရေအတွက် (၄၉.၄ %) နှင့် ခွဲမထွက်လိုသူ မဲအရေအတွက် (၅၀.၆ %) ရရှိခဲ့ပြီး (၁.၂ %) ဖြင့်သာခွဲထွက်မှုအဆိုရှုံးနိမ့်ခဲ့သည်။ ထိုအခါတွင်ဖက်ဒရယ်အစိုးရသည်တရားလွှတ်တော်ချုပ်ထံမေးခွန်းပြဿနာ (၃) ခု ပေးပို့၍ အဆုံးအဖြတ်ခံယူခဲ့ပါသည်။ မေးခွန်းပြဿနာ (၃) ခုမှာ–

(၁) ကနေဒါနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေသည်ကွီဘက်ပြည်နယ်အား ပြည်ထောင်စုမှ ခွဲထွက်ခွင့်ပြု မပြု

(၂) အပြည်ပြည်ဆိုင်ရာဥပဒေသည် ကွီဘက်ပြည်နယ်အား ပြည်ထောင်စုမှ ခွဲထွက်ခြင်းကို သတ်မှတ်ပြဋ္ဌာန်းပေးထားခြင်း ရှိ၊ မရှိ နှင့်

(၃) ယခုပြဿနာနှင့်စပ်လျဉ်း၍ အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ပြည်တွင်းဥပဒေအကြား ဥပဒေပဋိပက္ခဖြစ်မှု ရှိ၊ မရှိ တို့ဖြစ်ပါသည်။

---

[၅၇] 1998, 2 S.C.R. 217

**ဆုံးဖြတ်ချက်**

ကနေဒါတရားလွှတ်တော်ချုပ်က တစ်ညီတစ်ညွတ်တည်းဖြေကြား ဆုံးဖြတ်ခဲ့သည်မှာ–

**ဆုံးဖြတ်ချက် (၁)–** ဒီမိုကရေစီစံနှုန်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်နှင့် တရားဥပဒေစိုးမိုးရေး (Constitutionalism and Rule of Law)၊ ဖက်ဒရယ်စနစ်နှင့် လူနည်းစု၏အခွင့်အရေးများကို ကာကွယ်ခြင်းစသော ဖွဲ့စည်းပုံအခြေခံဥပဒေ စည်းမျဉ်း (၄) ခု ကိုမူတည်၍ အခြေခံဥပဒေ၏ စာသားအတိုင်းပေါ်လွင်သည့်အဓိပ္ပာယ် (literal meaning of the Constitution) ကို ကောက်ယူရာ၌ ကွီဘက်ပြည်နယ်၏ ပြည်ထောင်စုမှ ခွဲထွက်ခြင်းသည် ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိသဖြင့် ခွင့်ပြုရန်မဖြစ်နိုင်ပေ။

**ဆုံးဖြတ်ချက် (၂)–** အပြည်ပြည်ဆိုင်ရာဥပဒေများဖြစ်သော ကုလသမဂ္ဂ ပဋိညာဉ်စာတမ်း (Charter of United Nations)၊ စီးပွားရေး၊ လူမှုရေးနှင့် ယဉ်ကျေးမှုအခွင့်အရေးများဆိုင်ရာ နိုင်ငံတကာသဘောတူစာချုပ် (International Covenant on Economic, Social and Cultural Rights)၊ နှင့် နိုင်ငံသားနှင့်နိုင်ငံရေးအခွင့်အရေးဆိုင်ရာနိုင်ငံတကာသဘောတူစာချုပ် (International Covenant on Civil and Political Rights) တို့တွင် "အချို့သော အခြေအနေများမှအပ လူသားအားလုံးသည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်နှင့် ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရရှိကြသည်" ဟုပြဋ္ဌာန်းထားရာ ကွီဘက်ပြည်နယ်အနေဖြင့် ထိုပြဋ္ဌာန်းချက်ပါ အချို့သော အခြေအနေများဟူသည့်အနေအထားအတွင်းသို့ ရောက်ရှိမနေပေ။ ထို့ပြင် ကွီဘက်ပြည်နယ်ရှိ ပြည်သူများသည် ဖိနှိပ်ချုပ်ခြယ်ခံရခြင်း၊ ကိုလိုနီလက်အောက်သို့ကျရောက်နေခြင်းမရှိရုံမျှမက ယင်းတို့၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ယဉ်ကျေးမှုနှင့်စပ်လျဉ်း၍ ကိုယ်ပိုင်အုပ်ချုပ်နိုင်သည့် အစိုးရအဖြစ် ရပိုင်ခွင့်ကိုလည်း ရရှိခံစားပြီးဖြစ်သည်။ ဒုတိယကမ္ဘာစစ်နောက်ပိုင်းကတည်းကပင် ကွီဘက်ရှိ ပြည်သူများသည် ဝန်ကြီးချုပ်များ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ အရပ်ဖက်ဝန်ထမ်းများနှင့်တရားသူကြီးများအဖြစ် အများအပြားပါဝင်ဆောင်ရွက်ခွင့် ရှိခဲ့ကြပြီးဖြစ်သည်။ ထို့ကြောင့် အပြည်ပြည်ဆိုင်ရာဥပဒေက ကွီဘက်ပြည်နယ်၏ ပြည်ထောင်စုမှခွဲထွက်ရေးကို ခွင့်ပြုထားခြင်းမရှိပေ။

**ဆုံးဖြတ်ချက် (၃)–** ကွီဘက်သည် အပြည်ပြည်ဆိုင်ရာဥပဒေအရသာမက ပြည်တွင်းဥပဒေဖြစ်သော ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်ပါ ခွဲထွက်ခွင့်မရှိသောကြောင့် အပြည်ပြည်ဆိုင်ရာဥပဒေနှင့် ဖွဲ့စည်းပုံအခြေခံဥပဒေအကြား ဥပဒေပဋိပက္ခမရှိကြောင်း ဖြေကြားဆုံးဖြတ်လိုက်သည်။

**နိဂုံး**

ကနေဒါနိုင်ငံသည် ဓနသဟာရအဖွဲ့ဝင်နိုင်ငံ ဖြစ်သည့်အတွက် အင်္ဂလန်ဘုရင်မအား ဖွဲ့စည်းပုံအခြေခံဥပဒေဖြင့်သစ္စာခံသည်ဆိုသော်ငြားလည်း နိုင်ငံ၏ဗဟိုအဆင့်၊ ပြည်နယ်အဆင့် အစိုးရများနှင့် ပြည်သူများအားလုံးသည် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် (Self-determination) အပြည့်အဝရရှိကြကြောင်း တွေ့ရှိရပါသည်။ အပြည်ပြည်ဆိုင်ရာဥပဒေ ရှုထောင့်မှကြည့်လျှင်

ကနေဒါနိုင်ငံသည်ပြည်သူကိုကိုယ်စားပြုထားသည့်အစိုးရအဖွဲ့အကြီးအကဲဖြစ်သည့် ဝန်ကြီးချုပ်က နိုင်ငံ၏အစိုးရအဖြစ်ရပ်တည်ခြင်း၊ အခြေခံဥပဒေ၏ နိဒါန်းတွင် ပြည်ထောင်စု (Union) နိုင်ငံဟု သတ်မှတ်ကြေညာ၍ အချုပ်အခြာအာဏာပိုင်နယ်နိမိတ်ရှိခြင်း၊ ကိုယ့်ကြမ္မာကိုယ်စီရင် ဆုံးဖြတ်ပိုင်ခွင့်ရှိသည့်ပြည်သူများက နယ်နိမိတ်အတွင်းအခြေချနေထိုင်မှုရှိခြင်း၊ နိုင်ငံတကာဆက်ဆံရေးတွင် အခြားနိုင်ငံ၏လွှမ်းမိုးချုပ်ကိုင်မှုမရှိခြင်း၊ ကနေဒါနိုင်ငံအစိုးရအား အခြားနိုင်ငံအစိုးရက ဝင်ရောက်စွက်ဖက်ခြင်းမရှိသည့် နိုင်ငံခြားရေးမူဝါဒဖြင့် လွတ်လပ်သောနိုင်ငံအဖြစ် အသိအမှတ်ပြုခံရခြင်းကြောင့် ကနေဒါနိုင်ငံသည် လွတ်လပ်၍အချုပ်အခြာအာဏာပိုင်နိုင်ငံ ဖြစ်ပါသည်။

ကနေဒါနိုင်ငံ၏ဖွဲ့စည်းပုံအခြေခံဥပဒေစနစ်အား လေ့လာဆန်းစစ်ရာတွင်– ဘုရင်မသည် မင်းခမ်းမင်းနားဆိုင်ရာ နိုင်ငံတော်အကြီးအကဲအဖြစ်လည်းကောင်း၊ ဘုရင်ခံချုပ်သည် ဘုရင်မ၏ ကိုယ်စားနိုင်ငံတော်အကြီးအကဲအဖြစ်လည်းကောင်းဆောင်ရွက်ကြောင်း၊ ဝန်ကြီးချုပ်သည် အုပ်ချုပ်ရေးကိစ္စများကို လက်တွေ့ဆောင်ရွက်ရသည့် အစိုးအရအဖွဲ့အကြီးအကဲဖြစ်ပြီး ပြည်သူကိုကိုယ်စားပြုကြောင်း တွေ့ရှိရပါသည်။ အထက်လွှတ်တော်တွင် လွှတ်တော်ကိုယ်စားလှယ်များကို ပြည်သူ့ကိုယ်စားပြု ရွေးကောက်တင်မြှောက်ခြင်းမရှိဘဲ တိုက်ရိုက်ခန့်အပ်သည့်အချက်မှတစ်ပါး ပြည်သူများသည် နိုင်ငံ၏အစိုးရကို ကိုယ်စားပြုရွေးချယ်ခွင့်အပြည့်အဝရှိကာ 7Rs စံနှုန်းအရလည်းပြည့်စုံမှုရှိပါသဖြင့် ကနေဒါ၏ ဖွဲ့စည်းပုံအခြေခံဥပဒေသည် ကမ္ဘာ့အကောင်းဆုံးဖွဲ့စည်းပုံအခြေခံဥပဒေများ စာရင်းတွင်ပါဝင်နေပါသည်။

ကနေဒါနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ၏ ဖက်ဒရယ်စနစ်တွင် အစိုးရအဆင့်များအကြားအာဏာခွဲဝေကျင့်သုံးပုံအရ– ပြည်နယ်များသည်ကိုယ်ပိုင်လက္ခဏာအဆင့်အတန်းမြင့်မားစွာရရှိကြကြောင်းတွေ့ရှိရပါသည်။ ကြွင်းကျန်အာဏာများကို ဗဟိုအစိုးရကရယူထားပြီး ကိုယ်ပိုင်အုပ်ချုပ်ရေး (Self–ruled) က မျှဝေအုပ်ချုပ်ရေး (Share–ruled) ထက်ပိုမိုအားသာသောဖက်ဒရယ်စနစ်ဖြစ်ကြောင်း တွေ့ရှိရပါသည်။

ကနေဒါနိုင်ငံသားများ၏ အခြေခံအခွင့်အရေးများကို အာမခံကာကွယ်စောင့်ရှောက်ပေးထားသည့်အပြင် ကနေဒါတွင်စတင်အခြေချနေထိုင်ခဲ့သည့် ရှေးဦးဌာနေတိုင်းရင်းသားများကိုဥပဒေဖြင့်သတ်မှတ်၍ ယင်းတို့၏ အခွင့်အရေးများကို ကာကွယ်ပေးထားခြင်းမှာလည်းအလွန်ကောင်းမွန်သည့်အချက် ဖြစ်ပါသည်။ ထူးခြားချက်မှာ ဖွဲ့စည်းပုံအခြေခံဥပဒေသည်ပြင်ဆင်ရန်အလွန် ခက်ခဲသောအမျိုးအစားဖြစ်ရုံမျှမက ပြင်ဆင်ချက်ကိုပြည်နယ်များအနေဖြင့်သဘောမတူပါက ချန်လှပ်ခွင့်ရှိပြီး သဘောမတူသောပြည်နယ်အတွက် ထိုအခြေခံဥပဒေပြင်ဆင်ချက်မှာ အာဏာသက်ရောက်မှုမရှိတော့ဘဲ ခြွင်းချက်ဖြင့်အာဏာသက်ရောက်ကြောင်းလည်းတွေ့ရပါသည်။ ယင်းအချက်ကပင် ကနေဒါနိုင်ငံအား ဖက်ဒရယ်စနစ်ကျင့်သုံးမှုတွင် စံပြုဖွယ်နိုင်ငံအဖြစ် သတ်မှတ်ခံရစေခြင်းဖြစ်နိုင်ပါသည်။ နိုင်ငံ၏ အကျယ်ဆုံးပြည်နယ်ဖြစ်သောကွိဘက်ပြည်နယ်သည် ၁၉၈၂ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေအား ယနေ့အထိ လက်ခံကျင့်သုံးခြင်းမရှိကြောင်း သိရှိရပါသည်။


ဥပဒေစနစ်ကျင့်သုံးရာ၌ Common Law Legal System နှင့် Civil Law Legal System စသည့် မတူညီသည့် ဥပဒေစနစ်နှစ်ခုကို ယှဉ်တွဲကျင့်သုံးနိုင်ခြင်းကိုကြည့်လျှင် ကနေဒါနိုင်ငံသည်မတူကွဲပြားမှုများကိုစုစည်း၍ အတူတကွယှဉ်တွဲနေထိုင်ရာ၌ အစဉ်အလာကောင်းမွန်သော နိုင်ငံဖြစ်ကြောင်းတွေ့ရှိရပါသည်။ ဘာသာစကားကွဲပြားမှုများကို အလေးထားသည့်နေဖြင့် ရုံးသုံးဘာသာစကားနှစ်မျိုးအပြင် လူနည်းစုဘာသာစကားဖြင့်လည်း ပညာသင်ကြားခွင့်ကို ရရှိစေရန် အစိုးရကစီမံဆောင်ရွက်ပေးနိုင်ကြောင်းတွေ့ရပါသည်။

ပြည်နယ်များသည် ကိုယ်ပိုင်ဖွဲ့စည်းပုံအခြေခံဥပဒေများရှိပြီး ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးတွင်ကိုယ်ပိုင်လွတ်လပ်စွာ ဆုံးဖြတ်ပိုင်ခွင့်ရှိပုံ၊ ပြည်နယ်ဖွဲ့စည်းပုံအခြေခံဥပဒေကို သက်ဆိုင်ရာပြည်နယ်က သီးသန့်ပြင်ဆင်နိုင်ပုံတို့ကို ကြည့်လျှင် ပြည်နယ်များ၏ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်(Self-determination) ကိုတွေ့မြင်ရပါသည်။ ကနေဒါ နိုင်ငံ တရားလွှတ်တော်ချုပ် တရားသူကြီးများအနက် (၃) ဦးကို ကွီဘက်ပြည်နယ်မှ ခန့်အပ်စေခြင်း၊ ပြည်နယ်တရားသူကြီးတာဝန်ထမ်းဆောင်ခဲ့သူများကို ခန့်အပ်စေခြင်းတို့ကို သုံးသပ်ရလျှင် ပြည်ထောင်စု၏ တရားစီရင်ရေးတွင်လည်း ပြည်နယ်များကို ကိုယ်စားပြုပါဝင်စေကြောင်း တွေ့ရှိရပါသည်။ တရားလွှတ်တော်ချုပ်သည် Diffuse Constitutional Review System ကို ကျင့်သုံးလျက် ဖွဲ့စည်းပုံအခြေခံဥပဒေအနက်အဓိပ္ပာယ်ဖွင့်ဆိုရန် အခွင့်အာဏာကို ရမြဲစီရင်ပိုင်ခွင့်အာဏာအဖြစ် ရရှိကြောင်းတွေ့ရှိရပါသည်။ ဖက်ဒရယ်စနစ်အားကျင့်သုံးရာတွင် ပြည်နယ်များ၏ အဆင့်အတန်းကိုအသိအမှတ်ပြု၍ ပြည်ထောင်စုအား မျှခြေညီစွာထိန်းသိမ်းနိုင်ရန် တရားစီရင်ရေးကဏ္ဍ၏အရေးပါပုံကို ကွီဘက်ပြည်နယ်ခွဲထွက်ရေးအမှုက မီးမောင်းထိုးပြနေပါသည်။ ပြည်နယ်များသည် ဖက်ဒရယ်စနစ်အရ Self-determination အပြည့်အဝ ရရှိသည်ဆိုရာတွင် ပြည်ထောင်စုမှခွဲထွက်ခွင့်ရှိခြင်းကိုဆိုလိုခြင်းမဟုတ်ကြောင်း ယင်းအမှုက သာဓကအဖြစ်ပြဆိုနေပါသည်။ ပြည်နယ်များ၏ ခွဲထွက်ခွင့်ကို အခြေခံဥပဒေက ခွင့်ပြုမထားသဖြင့် အခြေခံဥပဒေအား အနက်အဓိပ္ပာယ်ဖွင့်ဆိုရန်အခွင့်အာဏာရှိသည့် တရားလွှတ်တော်ချုပ်က ယင်း၏ Constitutional Review Power ဖြင့် အခြေခံဥပဒေကို ကာကွယ်စောင့်ရှောက်ကြောင်းတွေ့ရှိရပါသည်။ ဤသို့အားဖြင့် ဖက်ဒရယ်စနစ်တွင် Constitutional Review ကို ဆောင်ရွက်ရမည့် တရားစီရင်ရေးအဖွဲ့အစည်း (တရားလွှတ်တော်ချုပ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာတရားရုံး/ခုံရုံး/ကောင်စီနှင့်ရုံး) သည်အရေးပါသောအခန်းကဏ္ဍတွင်ရှိပါကြောင်း ဖော်ပြအပ်ပါသည်။

* * * * * * * * *

နောက်ဆက်တွဲ (က)


## ကနေဒါနိုင်ငံ၏ အုပ်ချုပ်ရေးအဖွဲ့ ဖွဲ့စည်းပုံ



နောက်ဆက်တွဲ (ခ)


# ကနေဒါနိုင်ငံ၏ ဥပဒေပြုရေးအဖွဲ့ ဖွဲ့စည်းပုံ

## Legislative Body and Bodies



နောက်ဆက်တွဲ (ဂ)

## ကနေဒါနိုင်ငံ၏ တရားရုံးများ ဖွဲ့စည်းပုံ



# ကျမ်းကိုးစာရင်း


၁။ ၁၈၆၇ ခုနှစ် ကနေဒါနိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၁၁ ခုနှစ်အထိပြင်ဆင်ပြီး)

၂။ ၁၉၈၅ ခုနှစ်၊ ကနေဒါနိုင်ငံတရားလွှတ်တော်ချုပ်အက်ဥပဒေ

၃။ ဒီမိုကရေစီနိုင်ငံများ၏ဖွဲ့စည်းပုံအခြေခံဥပဒေ၊ ဦးဗကြိုင် (B.A;B.L) ၊ SYT စာပေ၊ ပထမ အကြိမ်ပုံနှိပ်ခြင်း၊ ၂၀၁၆ ခုနှစ်။

၄။ နိုင်ငံတကာအဘိဓာန်၊နွယ်နီစာတည်းအဖွဲ့၊ ပညာရွှေတောင်စာအုပ်တိုက်၊ ဒုတိယ အကြိမ် ပုံနှိပ်ထုတ်ဝေခြင်း၊ ၂၀၀၃ ခုနှစ်။

၅။ Canada’s Legal System, Canada’s System of Justice (available at http://canada.justice.gc.ca/eng/dept-min/pub/just.)

၆။ Canada’s Court System ၊ ကနေဒါနိုင်ငံ၊ တရားရေးဝန်ကြီးဌာနမှထုတ်ဝေသည့် စာစောင်၊ ၂၀၀၅ ခုနှစ်၊ (available at https://www.legal-tools.org/doc/175dcf )

၇။ Justice Law website of Canada Government.

၈။ Maung Maung, Burma’s Constitution, 2nd edn, Revised and Enlarged, The Hague Martinus Nijhoff, 1961.

၉။ The Historical Context of Constitutional Change in Canada, Filippo Sabetti, Associate Professor of Political Science, McGill University, Vol-45, No.4. (available at https://scholarship.law. duke.edu/cgi/viewcontent.cgi?article=3671&context=lcp.)

၁၀။ ကွီဘက်ပြည်နယ်ခွဲထွက်ရေးဆိုင်ရာလွှဲအပ်မှု (Reference Re Secession of Quebec) 1998, 2 S.C.R. 217

၁၁။ ဦးရဲလွင် (မဟာဝိဇ္ဇာ၊ ပါမောက္ခ(ငြိမ်း)၊ ရန်ကုန်တက္ကသိုလ် သမိုင်းဌာန) ၏ **မြန်မာနိုင်ငံအခြေခံဥပဒေအဆင့်ဆင့်ပြောင်းလဲချက်** ခေါင်းစဉ်ဖြင့်ပြုစုခဲ့သည့် မဟာဝိဇ္ဇာကျမ်း၊ ၁၉၈၂ ခုနှစ်။

၁၂။ https://en.wikipedia.org/wiki/Canada

၁၃။ https://en.wikipedia.org/wiki/Canadian_Charter_of_Rights_and_Freedoms